ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်ထုတ်ဝေသည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 21 September 2021 ၁၀၅၀၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လမ်းတံတားများဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် ဒုတိယမြို့တော် မန္တလေး



ဒုဋ္ဌဝတီ(ရွှေစာရံ)တံတားကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီးတွင် လမ်းအရေအတွက်ပေါင်း ၇၄ လမ်း၊ မိုင်အရှည် ၁၆၀၈ မိုင် ၃ ဖာလုံ ၃၆၄ ပေ၊ ပေ ၁၈၀ အထက် တံတား ၆၉ စင်း၊ ပေ ၁၈၀ အောက်(Box Culvert အပါအဝင်) တံတား ၅၃၅၈ စင်းရှိကာ ခရီးလမ်းပန်းအဆင်ပြေစွာဖြင့် စည်ပင်ဖွံ့ဖြိုးနေသည့် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည်။

**အချက်အချာကျရာဒေသ**

မန္တလေး တိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေး ဆုံရာဒေသနှင့် စီးပွားရေးအချက်အချာကျရာဒေသလည်းဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း လမ်းကွန်ရက်၊ တံတားကွန်ရက်ကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး လမ်းဦးစီးဌာန တံတားဦးစီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပေ ၆၀ အထက် တံတားကြီးများ အဆင့်မြှင့်တင်ဆောင်ရွက်မှုအနေဖြင့် စုစုပေါင်း တံတား ၁၈ စင်း ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| နေပြည်တော် | စက်တင်ဘာ ၂၀ |
|---|---|
| မတ္တရာ | ၇ ဒသမ ၆၈ လက်မ |
| ကျောက်မဲ | ၃ ဒသမ ၉၄ လက်မ |
| ကျိုက္ကမီ | ၂ ဒသမ ၈၇ လက်မ |
| မော်လမြိုင် | ၂ ဒသမ ၇၅ လက်မ |
| နမ့်စန် | ၂ ဒသမ ၅၃ လက်မ |
| ရမ်ကလောင်း | ၂ ဒသမ ၅၃ လက်မ |
| ကော့သောင်း | ၂ ဒသမ ၂၉ လက်မ |
| ပုသိမ်ကြီး | ၂ ဒသမ ၂၅ လက်မ |

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကြီးမားသောစွမ်းဆောင်ချက်**

စာမျက်နှာ » ၆



**ကလေးတွေမှာ ရောဂါဖြစ်ပွားရင် လူကြီးတွေလို ဆိုးဆိုးရွားရွားဖြစ်ပွားတာမရှိဘူး။ ပြင်းထန်မှုမရှိဘူး ဆိုတာ တွေ့ရှိရပါတယ်**

စာမျက်နှာ » ၁၆

ဆရာကြီး ပီမိုးနင်း၏ ဆောင်းပါး

**တိုးတက်လိုသူများ**

စာမျက်နှာ » ၁၉




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၃

ကြေးမုံ

# ပူးပေါင်းဆောင်ရွက်မှ တိုးတက်ကောင်းမွန်မည်

"မိမိတို့နိုင်ငံသည် ပြည်မကို ဗဟိုပြု၍ တိုင်းရင်းသားဒေသများနှင့် ပေါင်းစည်းထားသည့် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဘာသာရေးအရ၊ တိုင်းရင်းသားရေးအရ အယူအဆကွဲလွဲမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့်၊ မိမိနိုင်ငံနှင့်ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံမျိုးကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် တစ်ဗိုလ်တစ်မင်းဖြစ်နေ၍ မရနိုင်ဘဲ မှန်ကန်သည့်အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်မှုရှိရမည်ဖြစ်သဖြင့် ခိုင်မာသည့်အဖွဲ့အစည်း၊ ပါတီတို့ ပူးပေါင်းဆောင်ရွက်မှသာလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၁၉ ရက်တွင် လားရှိုးတပ်နယ်ခန်းမ၌ ပြောကြားခဲ့သည်။

လွတ်လပ်ရေးနှင့်အတူ မွေးဖွားခဲ့သော တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းပဋိပက္ခနှိမ်နင်းရေးတာဝန်များကို ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ရာတွင် ပြည်သူတို့၏ အသက်အိုးအိမ်နှင့် အကျိုးစီးပွားတို့ကိုလည်း အစဉ်တစိုက်ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာတွင် ပြည်သူနှင့်တစ်သားတည်းဖြစ်အောင်လုပ်ဆောင်၍ ပြည်သူ၏လိုအပ်ချက်၊ တိုင်းပြည်၏လိုအပ်ချက်တို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ဆောင်ပေးခဲ့သည်ကို သမိုင်းကြောင်းတွင် တွေ့ရမည်ဖြစ်သည်။ ယင်းတို့သည် တပ်မတော်၏ဆန္ဒဖြစ်ပြီး မွန်မြတ်ကောင်းမွန်သော တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းလုပ်ဆောင်လျက်ရှိသည်။ တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့၏အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိသည်မှာ ယနေ့ထက်တိုင်ဖြစ်ပြီး နောင်တွင်လည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ကို သမိုင်းကြောင်းအား မှန်ကန်စွာရှုမြင်လျှင် သိမြင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် ပထဝီဝင်သဘောအရ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ စည်းလုံးညီညွတ်မှု အထူးလိုအပ်ပြီး ပဋိပက္ခများနှင့် အမြဲရင်ဆိုင်ဖြေရှင်းနေရသည်။ တပ်မတော်သည် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းပဋိပက္ခများကို နှိမ်နင်းဖြေရှင်းပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ခဲ့သော်လည်း ညီညွတ်မှုပြိုကွဲပြီး ခိုင်မာအောင် မတည်ဆောက်နိုင်သဖြင့် တပ်မတော်က နိုင်ငံ့တာဝန်ယူခဲ့ရသည်။ တပ်မတော်သည် ၂၀၁၀ ပြည့်နှစ်တွင် ဒီမိုကရေစီစနစ်ကို ပြန်လည်ဖော်ဆောင်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလကတည်းကပင် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့သည်။ တိုင်းပြည်တိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အစိုးရ၊ ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်ခဲ့သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ပြီး နိုင်ငံ့တာဝန်ကို ဒုတိယငါးနှစ်သက်တမ်းအုပ်ချုပ်ခဲ့သည်။ ငါးနှစ်တာကာလအတွင်း အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍပေါင်းစုံတို့တွင် အားနည်းချက်များဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အခြားကဏ္ဍများ၌ တပ်မတော်က တိုင်းပြည်အကျိုးကို ရှေးရှု၍ ဖြစ်သင့်ဖြစ်ထိုက်သည်များကို အကြံပြုထောက်ပြခဲ့သော်လည်း စစ်ဘက်၊ အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့သည်။ တစ်နိုင်ငံလုံးအရေးဖြစ်သည့် ကိုဗစ်ပထမလှိုင်း၊ ဒုတိယလှိုင်းကာလတွင်လည်း တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ မာန်မာန၊ အာဃာတဖြင့် သီးခြားရပ်တည်ခဲ့သည် ကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်သည် တိုင်းပြည်အကျိုးစီးပွား၊ တိုင်းပြည်၏အနေအထားအရ အစိုးရ၊ ပြည်သူလူထုအားလုံးနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲမသမာမှုများ ကြီးမားစွာတွေ့ရှိခဲ့ပြီး မည်သို့မျှဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသဖြင့် မလွှဲမရှောင်သာဘဲ နိုင်ငံ့တာဝန်ယူခဲ့ရသည်။ နိုင်ငံတော်ကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့်အညီ လေးစားလိုက်နာဆောင်ရွက်လျက်ရှိသည်။ အခြေခံဥပဒေတွင် လိုအပ်ချက်၊ အားနည်းချက်များ ရှိကောင်းရှိမည်ဖြစ်သော်လည်း တိုင်းပြည်နှင့်လူမျိုးကို အကာအကွယ်ပေးထားသည့် ကောင်းမွန်သည့်အချက်များ များစွာပါရှိသည်။ လက်ရှိတွင် နိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားရေးလုပ်ငန်းစဉ်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏သမိုင်းကြောင်းနောက်ခံ အခြေခံအကြောင်းတရားများအရ ဖြစ်တည်နေသော တပ်မတော်သည် တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားကိုရှေးရှု၍ အားလုံးနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသဖြင့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် မကြာမီပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချ၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၈၈/၂၀၁၉ (စစ်ကိုင်း)၊ ၉၂/၂၀၁၉ (ရှောဝတီ)၊ ၉၃/၂၀၁၉ (ရှောဝတီ)နှင့် ၃၅/၂၀၂၀ (ရှောဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၉၈/၂၀၁၉ (စစ်ကိုင်း)၊ ၁၀၀/၂၀၁၉ (တနင်္သာရီ)၊ ၁၀၁/၂၀၁၉ (မန္တလေး)၊ ၁၀၂/၂၀၁၉ (မန္တလေး)နှင့် ၁၀၄ /၂၀၁၉ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၁၂၃ | ၁,၀၉၇,၇၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၄,၈၀၇ | ၁၄,၉၀၁,၇၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၆၀၀ | ၁၂,၀၀၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၂,၉၀၀ | ၂,၉၀၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၀ | ၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၀.၆၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၄၆၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၇.၄၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၃၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၄.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၉၃.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၆.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၂၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

## ဆီအထွက်နှုန်းတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန်လို

**စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်း၌ ဆီဖူလုံမှုရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စားသုံးဆီများထွက်ရှိရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများဖြစ်ထွန်းစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီအဓိကထွက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ဆီထွက်သီးနှံများစိုက်ပျိုးကြကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆီအထွက်နှုန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်းနှင့် လိုအပ်သည့်ရေနှင့် မြေသြဇာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဝါအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ ချည်များတင်သွင်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်အားတွင် စီးပွားရေးမောင်းနှင်အားသည် အရေးကြီးကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## နေပြည်တော်၌ ကိုဗစ်- ၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စားသောက်ကုန်များထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်ကောင်စီက ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စားသောက်ကုန်များ ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်မှုကိုတွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်ပြီး ပြည်ထောင်စုအဆင့်ရုံးများ ရုံးစိုက်ရာမြို့တော်ဖြစ်သည်နှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထူးဂရုပြု အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်



အဖျက်အမှောင့်လုပ်ရပ်များကို ထိန်းသိမ်းဆောင်ရွက်ရသည့်အပြင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလတွင် ပြည်ထောင်စုနယ်မြေအနေဖြင့် Stay at Home လေးမြို့နယ်အထိ သတ်မှတ်ဆောင်ရွက်ခဲ့ရပြီး ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မြို့ဝင် မြို့ထွက်ဂိတ်များ၊ Stay at home မြို့နယ် Check Point များမှာ စစ်ဆေးရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့ကြသည်ကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ လုံခြုံရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မပျက် အားလုံးပူးပေါင်းပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ကြက်ဥ၊ ငါးခြောက် စသည့်စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုလွင်က လက်ခံရယူပြီး စားသောက်ကုန်များထောက်ပံ့ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တက်ရောက်လာကြသည့် ရဲတပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများနှင့် တပ်ဖွဲ့ဓမ္မာရုံသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ခရိုင်ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စေရေး e-Government စနစ် အကောင်အထည်ဖော်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ e-Government ဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ အစည်းအဝေးခန်းမ (၄)၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များ၊ ကျွမ်းကျင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စေရေး e-Government စနစ် အောင်မြင်အောင် အကောင်အထည်ဖော်ရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဦးစီးကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံးအဖွဲ့မှူးနှင့် ရန်ကုန်မြို့တော်ဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ်တို့က လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က e-Government ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး Sustainable Development ဖြစ်စေရန်အတွက် နည်းပညာသစ်များ တိုးတက်လာမှုနှင့်အတူ ပြောင်းလဲတိုးတက်ဆောင်ရွက်သွားရန်၊ အချက်အလက်များအား အမြဲတမ်း Update ပြုလုပ်နေရန်၊ ပြည်သူများအတွက် ဝန်ဆောင်မှုပေးရာတွင် ယခုထက်ပိုမိုကောင်းမွန်စေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

■

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၀**
ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုး များနှင့် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိ သည်။

**လက်ခံရယူ**

ထိုသို့လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ် အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့တွင် စေတနာရှင်အလှူရှင်များဖြစ်သည့် မူဆယ်မြို့ ရွှေလျှက်ကုမ္ပဏီနှင့် ရွှေလီမြို့ ဟုန်ဖွာ ကုမ္ပဏီတို့မှ အိမ်သုံးအောက်ဆီဂျင်စက် ၁၀ လုံး၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၀ နှင့် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၃၀၀၀၀၀ တို့ကို ပြည်နယ် အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ လာရောက်လှူဒါန်းကြရာ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦး တို့ကလက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘားအံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ စက်တင်ဘာ ၂၀**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘားအံ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံ မြို့နယ် သစ်တောရုံး၊ ဝန်ထမ်းအိမ်ရာနှင့် သစ်တော ပျိုးခင်းဆောင်ရွက်မည့်မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ပြည်နယ်မြေစာရင်းဦးစီးဌာန မှူးနှင့် ပြည်နယ် သစ်တောဦးစီးဌာနမှူးတို့က အဆိုပါ မြေနေရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကာ လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ သည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စုမှ ရဲသာကျေးရွာအုပ်စုသို့ ဖွဲ့ကပင်တောင်နှင့်ကြာအင်း တောင်ကြား မြို့ရှောင်လမ်းဖောက်လုပ်နေမှုနှင့် ရေထုတ်ပြွန်လုပ်ငန်းများ၊ အောက်ခံမြေသား လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ် လမ်းဦးစီး ဌာန ညွှန်ကြားရေးမှူး ဦးနန်းမြင့်အောင်က မြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပွင့်လင်းရာသီတွင် မြို့ရှောင်လမ်းကို သတ်မှတ် စံချိန်စံနှုန်းများနှင့်အညီ ပြီးစီးနိုင်ရေး အင်တိုက် အားတိုက် လုပ်ကိုင်ဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားခဲ့သည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မဲဇာချောင်းကူး ပေ ၁၅၀ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီး

**ဗန်းမောက် စက်တင်ဘာ ၂၀**
နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၁၄ ဒသမ ၅၅ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် အတွင်းရှိ ဗန်းမောက် - ပန်းတော - မံထုံလမ်းပေါ်ရှိ မဲဇာချောင်းကူး ပေ ၁၅၀ သံကူ ကွန်ကရစ်တံတားအား တည်ဆောက်ပေးခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါ မဲဇာချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုကြောင့် ဗန်းမောက်မြို့နယ် အတွင်းရှိ ကျေးရွာ ၂၉ ရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် လမ်းပန်း ဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝအတွက် များစွာအကျိုးပြုလျက်ရှိကြောင်း သိရ သည်။

**ငွေကြယ်**

# ရေတာရှည်မြို့နယ်၌ အခြေခံဝါးကပ်ရိုက်လုပ်ငန်းဖြင့် ဒေသခံများ ဝင်ငွေရရှိနေ

**ရေတာရှည် စက်တင်ဘာ ၂၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရွှေသပြေ ကျေးရွာသည် ဆွာမြို့တောင်ဘက် နှစ်မိုင် ခန့်အကွာ ရန်ကုန်-မန္တလေး ကားလမ်း ဘေး၌ ကပ်လျက်တည်ရှိပြီး မိုးရာသီ ကာလတစ်လျှောက် ရိုးမတောထွက် ဝါးအရောင်းအဝယ်နှင့် ဝါးကပ်ရိုက်သည့် လုပ်ငန်းများဖြင့် ဒေသခံများ နေ့စဉ်ဝင်ငွေ ရရှိနေကြောင်း သိရသည်။

ရိုးမတောအတွင်းမှ ကြသောင်းဝါး များကို သာဂရ-ကိုးပင်ရိုးမဖြတ်ကျော် ကားလမ်းအတိုင်း မော်တော်ယာဉ်များ ဖြင့်လည်းကောင်း၊ သိုင်းချောင်းအတိုင်း ဝါးဖောင်ဖွဲ့၍ မျှောယူခြင်းတို့ဖြင့် လက်ရှိ ဝါးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ရွှေသပြေကျေးရွာအထိ အဆင့်ဆင့် သယ်ဆောင်ရသည့်အတွက် ဝါးတစ်လုံး ပေါက်စျေးမှာ ဝါးအကြီးအသေးပေါ် မူတည်၍ တစ်လုံးလျှင် ကျပ် ၂၈၀ မှ ကျပ် ၆၅၀ အထိ ပေါက်စျေးရှိကြောင်း ဝါး လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းမြင့်က ပြောသည်။

ဝါးအလုံးလိုက်သော်လည်းကောင်း၊ ဝါးကပ်ဆိုဒ် အရွယ်အမျိုးတို့ကို ဒေသခံများ ငှားရမ်း၍ ရိုက်ယူပြီးသော်လည်းကောင်း မြစ်သား၊ ပျော်ဘွယ်၊ မိတ္ထီလာမြို့များသို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။

ဝါးကပ်ရိုက်တော့ ကပ်တစ်ချပ်ကို ကျပ် ၂၀၀ ပေးရတယ်။ တစ်ယောက်ကို အချပ်ရေ ၂၅ ချပ်လောက်ပြီးတယ်။ ဒီထက်လဲ ပိုရိုက်လို့မရဘူး။ စျေးကွက်က မကောင်းတော့ ထိန်းပြီးလုပ်နေရတာ။ ကားလမ်းကသွားနေတဲ့ ကုန်တင်ယာဉ် တွေကိုပဲ အဓိကထားရောင်းနေရတာ”ဟု ၎င်းက ပြောကြားသည်။

ကိုဗစ်ကာလ တစ်လျှောက် အသွား အလာ ကန့်သတ်ထိန်းချုပ်မှုများရှိနေရာ နေ့စဉ် ပုံမှန်ဝင်ငွေမရှိသူများအတွက် စားဝတ်နေရေး အခက်အခဲရှိသော် လည်း ယခုကဲ့သို့သော လုပ်ငန်းများ အနေဖြင့် ဒေသခံများ၏ စားဝတ်နေရေး ကို အထိုက်အလျောက် အထောက်အကူ ပြုနေသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**



## လင်းခေးခရိုင်အတွက် အောက်ဆီဂျင်ထုတ်စက် ရောက်ရှိ

**လင်းခေး စက်တင်ဘာ ၂၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များ အတွက် အောက်ဆီဂျင်ထုတ်စက်သစ်တစ်လုံး စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက လင်းခေးမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်စက်ပါဝင်သည့် Container အမိုးမှာ Flat ဖြစ်၍ မိုးရေတင်ကျန်ရှိနိုင်သဖြင့် အမိုး၊ အကာတည်ဆောက်ခြင်း၊ အောက်ဆီဂျင်အိုးများ ထားရှိနိုင်ရန် စတိုတည်ဆောက်ခြင်း၊ စက်ရုံသို့လူနှင့်မော်တော်ယာဉ်များ အဝင်အထွက် ရှစ်ပေ အကျယ်ရှိ ကွန်ကရစ်လမ်းခင်းခြင်းများဆောင်ရွက်သွားမည် ဖြစ်ပြီး အောက်ဆီဂျင် စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရန် ကျပ် ၁၈၄ သိန်း၊ ကွန်ကရစ်လမ်းအတွက် ကျပ် ၁၀၈ သိန်း စုစုပေါင်းကျပ် ၂၉၂ သိန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းဇော်လတ်(ခရိုင်ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

❍ ရှေ့ဖုံးမှ

တိုင်းဒေသကြီး အတွင်းရှိ လမ်းကွန်ရက်များ အဆင့်မြှင့်တင်ခြင်းကို ကြိုးပမ်းဖော်ဆောင်ရာတွင် ရွာသစ်-ထနောင်းကိုင်း လမ်းပိုင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ရွာသစ်-ထနောင်းကိုင်း လမ်းပိုင်းကို အဆင့်ဆင့်မြှင့်တင်ခဲ့ရာ ယခုအခါ အကျယ် ၁၈ ပေ ကတ္တရာလမ်းအဖြစ် ပြည်သူများ အဆင်ပြေစွာ အသုံးပြုနိုင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

ထို့အတူ ချမ်းသာကုန်း-စကားအင်းအဝိုင်း-တံတားဦး အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းလမ်းကို အဆင့်မြှင့်တင်ခဲ့သည်။ ထိုသို့ အဆင့်မြှင့်တင်နိုင်ခဲ့သည့်အတွက် စဉ့်ကိုင်မြို့နယ် အပိုင်းတွင် အကျယ် ၂၄ ပေ (အသွား+ အပြန်) ကတ္တရာလမ်း လေးမိုင်၊ တံတားဦးမြို့နယ် အပိုင်းတွင် အကျယ် ၂၄ ပေ (အသွား+ အပြန်) ကတ္တရာကွန်ကရစ်လမ်း (AC) ၂ မိုင် ပေ ၃၄၀ နှင့် ကတ္တရာလမ်း ၁ မိုင် ၇ ဖာလုံ ၁၀၅ ပေ ဖြစ်ပေါ်ခဲ့ပြီဖြစ်သည်။


**တာဝန်ယူဆောင်ရွက်**

တိုင်းဒေသကြီးအတွင်းရှိ မြင်းခြံ-မြစ်သား-ရေဝန်းလမ်း (မိုင် ၀/၀-၅၃/၇) ၅၃ မိုင် ၇ ဖာလုံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မိုင် ၀/၀ မှ ၂၀/၇ အထိ (၂၀ မိုင် ၇ ဖာလုံ) အကျယ် ၂၄ ပေ ကတ္တရာလမ်း) ကို Gulf Power Construction Co.,Ltd. မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ မိုင် ၂၀/၇ မှ ၃၉/၅ အထိ (၁၈ မိုင် ၆ ဖာလုံ) အကျယ် ၁၈ ပေ ကတ္တရာလမ်း (၁ မိုင် ၆ ဖာလုံ ၄၅၇ ပေ) နှင့် အကျယ် ၂၄ ပေ ကတ္တရာလမ်း ( ၁၆ မိုင် ၇ ဖာလုံ ၂၀၃ ပေ)အား မြင်းခြံခရိုင် လမ်းဦးစီးဌာနမှလည်းကောင်း၊ မိုင် ၃၉/၅ မှ ၅၃/၇ အထိ (၁၄ မိုင် ၂ ဖာလုံ) အကျယ် ၁၈ ပေ ကွန်ကရစ်လမ်း (၁ မိုင် ၃ ဖာလုံ ၄၇၆ ပေ)နှင့် အကျယ် ၁၈ ပေ ကတ္တရာလမ်း (၁၂ မိုင် ၆ ဖာလုံ ၁၈၄ ပေ) အား ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနမှ လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း (မိုင် ၀/၀-၄၉/၄ အထိ ၄၉ မိုင် ၄ ဖာလုံ) သည် ပြည်သူများ အသုံးပြုများသည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ကို ဆက်သွယ်ထားသော လမ်းဖြစ်သည်။ ယခုအခါ (၄၈ ပေ) (၇၂ ပေ) ကတ္တရာကွန်ကရစ် (AC) လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီဖြစ်သည်။

**အပြီးဆောင်ရွက်နိုင်ခဲ့**

တိုင်းဒေသကြီး အတွင်းရှိ ကျောက်ဆည်မြို့သည် ဖွံ့ဖြိုးတိုးတက်လာသော မြို့ပြနှင့် စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာကာ မြို့တွင်းမှတစ်ဆင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုများသည့် အခြေအနေတည်ရှိခဲ့သည်။ ထို့ကြောင့် ကုန်တင်ယာဉ်ကြီးများ မြို့ရှောင်လမ်းမှတစ်ဆင့် အဆင်ပြေစွာ ကူးသန်းသွားလာနိုင်ရန်အတွက် ကျောက်ဆည်မြို့ရှောင်လမ်းအား အကျယ် ၇၂ ပေ ကွန်ကရစ်လမ်းနှင့် ဇော်ဂျီမြစ်ကူးတံတားအမှတ် (၂) (၇၂ ပေ ၆ လမ်းသွား)တို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်နိုင်ခဲ့သည်။



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း(မန္တလေး-ပြင်ဦးလွင်)အပိုင်းကို တွေ့ရစဉ်။



ကျောက်ဆည်-တံတားဦးလမ်းပေါ်ရှိ ဒွေးလှတံတားကို တွေ့ရစဉ်။

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ပြည်သူများ ခရီးလမ်းပန်း အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် လမ်းကွန်ရက်ပေါ်ရှိ တံတားကွန်ရက်များကိုလည်း တစ်ပြေးညီ မြှင့်တင်ခဲ့ရာ ကျောက်ဆည်မြို့နယ် (ကျောက်ဆည်-တံတားဦးလမ်း) ပေါ်တွင် ဒွေးလှတံတားကို တည်ဆောက်ပေးနိုင်ခဲ့သည်။ အဆိုပါ တံတားသည် အပေါ်ထည် သံကူကွန်ကရစ်+သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် 1m Ø Bored Pile တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၅၄ ဒသမ ၈၆ မီတာ (၁၈ ဒသမ ၃ မီတာ x သုံးခန်း)၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၅ မီတာနှင့် လူသွားလမ်းအကျယ် သုည ဒသမ ၉ မီတာဖြင့် နှစ်ဖက်ပါရှိသည်။

**တည်ဆောက်ပေးနိုင်ခဲ့**

ထို့အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် (မြစ်သား-ရွာသာ-သပြေတောင်းလမ်း) တွင် ပေါက်ချောင်းတံတားကို တည်ဆောက်ပေးနိုင်ခဲ့သည်။ တံတားအမျိုးအစားသည် အပေါ်ထည် သံကူကွန်ကရစ် + သံကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် 1m Ø Bored Pile ဖြစ်ကာ တံတားအရှည် ၆၇ မီတာ (၁၅ ဒသမ၂၅ မီတာ x ၂ခန်း + ၁၈ ဒသမ ၃ မီတာ x နှစ်ခန်း)၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၅ မီတာနှင့် လူသွားလမ်းအကျယ် သုည ဒသမ ၉ မီတာဖြင့် နှစ်ဖက်ပါရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းများ အဆင့်မြှင့်တင်ရာ၌ B.O.T စနစ်ဖြင့်လည်း ဆောင်ရွက်နေသည်များရှိပြီး စုစုပေါင်း ၆၉၃ မိုင် ၃ ဖာလုံ ပေ ၃၇၀ ရှိကြောင်း သိရသည်။ B.O.T စနစ်ဖြင့် Oriental Highway Company မှ ၇ မိုင် ၅ဖာလုံ၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ ၁၀၉ မိုင် ၅ ဖာလုံ ပေ ၃၇၀၊ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ ၇၈ မိုင် ၁ ဖာလုံ၊ ယုဇနကုမ္ပဏီမှ ၅၃ မိုင် ၂ ဖာလုံ၊ မြတ်နိုးသူကုမ္ပဏီမှ ၁၃၆ မိုင် ၂ ဖာလုံ၊ သန္တိသစ္စာကုမ္ပဏီမှ ၄၁ မိုင် ၃ ဖာလုံ၊ ဆုထူးပန်ကုမ္ပဏီမှ ၄၀ မိုင် ၄ ဖာလုံ၊ သာယာဦးကုမ္ပဏီမှ ၅၃ မိုင် ၃ ဖာလုံ၊ ထွန်းညီလူကုမ္ပဏီမှ ၅၅ မိုင် ၁ ဖာလုံ၊ Gulf Power Construction Companyမှ ၂၀ မိုင် ၇ ဖာလုံ၊ ကောင်းမွန်ကုမ္ပဏီမှ ၅ မိုင် ၆ ဖာလုံနှင့် နဒီရွှေဝါကုမ္ပဏီမှ ၂၅ မိုင် ၄ ဖာလုံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် လူဦးရေ ၆၁၀၂၁၀၂ သိန်းကျော် နေထိုင်ကာ ခရိုင် ခုနစ်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်၊ ရပ်ကွက် ၂၈၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄၁၄ အုပ်စု၊ ကျေးရွာပေါင်း ၄၇၉၉ ရွာတို့ဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီးအတွင်း တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်သွားလာရာတွင် ခရီးမလင့်ဘဲ အဆင်ပြေစွာသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ချမ်းမြေ့မောင်**



ကျောက်ဆည်မြို့ရှောင်လမ်းကို တွေ့ရစဉ်။

**တိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းများ အဆင့်မြှင့်တင်ရာ၌ B.O.T စနစ်ဖြင့်လည်း ဆောင်ရွက်နေသည်များရှိပြီး စုစုပေါင်း ၆၉၃ မိုင် ၃ ဖာလုံ ပေ ၃၇၀ ရှိကြောင်း သိရသည်။ B.O.T စနစ်ဖြင့် Oriental Highway Company မှ ၇ မိုင် ၅ ဖာလုံ၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ ၁၀၉ မိုင် ၅ ဖာလုံ ပေ ၃၇၀၊ တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေးကုမ္ပဏီမှ ၇၈ မိုင် ၁ ဖာလုံ၊ ယုဇနကုမ္ပဏီမှ ၅၃ မိုင် ၂ ဖာလုံ၊ မြတ်နိုးသူကုမ္ပဏီမှ ၁၃၆ မိုင် ၂ ဖာလုံ၊ သန္တိသစ္စာကုမ္ပဏီမှ ၄၁ မိုင် ၃ ဖာလုံ၊ ဆုထူးပန်ကုမ္ပဏီမှ ၄၀ မိုင် ၄ ဖာလုံ၊ သာယာဦးကုမ္ပဏီမှ ၅၃ မိုင် ၃ ဖာလုံ၊ ထွန်းညီလူကုမ္ပဏီမှ ၅၅ မိုင် ၁ ဖာလုံ၊ Gulf Power Construction Companyမှ ၂၀မိုင် ၇ဖာလုံ၊ ကောင်းမွန်ကုမ္ပဏီမှ ၅ မိုင် ၆ ဖာလုံနှင့် နဒီရွှေဝါ ကုမ္ပဏီမှ ၂၅ မိုင် ၄ ဖာလုံ ဆောင်ရွက်လျက်ရှိ**

# ကြီးမားသောစွမ်းဆောင်ချက်

ချစ်နိုင်(စိတ်ပညာ)

**အခန်း(၁)**

တပ်မတော်သည် အမျိုးသားရေးကို ဦးစားပေးရသည့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတကာရှိ တပ်မတော်များသည်လည်း အလားတူပင် သူ၏နိုင်ငံနှင့်ပြည်သူကို ပထမဦးစားပေးကာကွယ်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားကြရခြင်းဖြစ်သည်။ အမျိုးသားရေးအကျိုးစီးပွားဆိုသည်မှာ တပ်မတော်တစ်ရပ်မှသာ တာဝန်ရှိသည်မဟုတ်ဘဲ ထိုနိုင်ငံရှိ နိုင်ငံသားအားလုံး၏တာဝန်လည်းဖြစ်၏။

"နိုင်ငံရေးမူဝါဒတွေ မည်မျှပင်အားကောင်းနေကြပါစေ အမျိုးသားရေးဝါဒကို ဘယ်သောအခါမှ လွှမ်းမိုးနိုင်လိမ့်မည်မဟုတ်ပါ"ဟု ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့် (၁၉၀၉-၁၉၇၄) က လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ရေးသားခဲ့ဖူးလေသည်။ ဦးသန့်သည် အမေရိကန်နှင့် ဆိုဗီယက် ပြည်ထောင်စုကြီးနှစ်ခု အင်အားပြိုင်ဆိုင်ကာ ထိပ်တိုက်တင်းမာလျက် ကမ္ဘာစစ်ကြီးဖြစ်လုနီးနီးအခြေအနေမျိုးတွင် နှစ်ဦးနှစ်ဖက်အကျိုးစီးပွား မထိပါးမပျက်ပြားစေမည့်ငြိမ်းချမ်းရေးလမ်းကြောင်းသို့ ရောက်ရှိအောင် အဓိကဆောင်ရွက်ပေးနိုင်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂခေါင်းဆောင်လည်းဖြစ်သည်။ ခရစ်နှစ် ၁၉၅၀-၁၉၆၀ ကာလများမှစ၍ နိုင်ငံတကာအဆင့်အတန်းဝင် ကမ္ဘာသိသော မြန်မာတစ်ယောက်လည်းဖြစ်သည်။ နိုင်ငံတကာခေါင်းဆောင်များက လေးစားခဲ့ကြရသော မျှတသည့်သဘောထားနှင့် အမြော်အမြင်ကြီးမားသောပုဂ္ဂိုလ်အဖြစ် ထင်ရှားခဲ့သူလည်း ဖြစ်ပေသည်။

ဦးသန့်သည် ဘဝတစ်သက်တာလုံး စာအလွန်ဖတ်သောပညာရှင်လည်းဖြစ်သည်။ သူ၏ရုံးခန်းတွင်ဖြစ်စေ၊ နေအိမ်တွင်ဖြစ်စေ စာအုပ်ပုံကြီးများဖြင့် အစီအရီပြည့်နေလေသည်။ စာကြည့်ခန်းတွင်လည်း စာအုပ်များပြည့်နေသည့်အပြင် ဧည့်ခန်းတွင်လည်း စာအုပ်များပုံနေသည်အထိ စာကိုမပြတ်လေ့လာကြည့်ရှုသည်။ **တစ်ခါက ဦးသန့်ရေးဖူးသည် -**

**"တိုင်းပြည် အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံးဖြစ်လေသည်။ ဒီမိုကရေစီစနစ်အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်။"**

ကျောင်းအုပ်ဆရာကြီး၊ ပြန်ကြားရေးအတွင်းဝန်၊ နိုင်ငံခြားရေးသံတမန်၊ ကုလသမဂ္ဂအအတွင်းရေးမှူးချုပ် စသည့်တာဝန်များကို ထူးခြားအောင်မြင်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည့်အလျောက် ထိရောက်တိကျသောအမှန်တရားကို ပွင့်လင်းစွာထုတ်ဖော်ခဲ့ခြင်းပင်။

ပြည်သူပြည်သားများ အသိဉာဏ်ပညာ ရေချိန်မြင့်အောင်၊ ဆင်ခြင်တုံတရားလုံလောက်အောင် ရှိစေဖို့ရာ မိမိတို့စာရေးသူများ၊ စာရေးဆရာသတင်းစာဆရာများတွင် အားလုံးတာဝန်ရှိနေသည်ဟု မိမိကခံယူပါ၏။ သဲတစ်ဆုပ်၊ ရေတစ်မှုတ်၊ အုတ်တစ်ချပ်ပင်ဖြစ်ပါစေ ပါဝင်ကြရမည်၊ ဤတာဝန်ဝတ္တရားကို အလေးထားကာထမ်းဆောင်ကြရမည်မဟုတ်ပါလား။

**အခန်း(၂)**

အလုပ်တစ်ခုလုပ်ခြင်းတွင် ဉာဏသမ္ပယုတ်ဟူသော အချက်တစ်ခုပါဝင်ရ၏။ သောမနဿသဟဂုတ်ဆိုတာ ကြည်နူးဝမ်းမြောက်ခြင်း၊ ခံစားချက်နှင့်အတူ အလုပ်လုပ်ရခြင်းကလည်း လိုအပ်ချက်တစ်ရပ်ပဲဖြစ်၏။ သသင်္ခါရိကဟူသည့် ပြင်ပတစ်ဦးတစ်ယောက်ထံမှ တိုက်တွန်း၊ ဆွဲဆောင်၊ ခြိမ်းခြောက်၊ ချော့မော့၊ အားပေးသောသဘောမျိုး တစ်စုံတစ်ရာမပါဘဲ မိမိ၏စိတ်အားထက်သန်မှု နဂိုစိတ်ရင်း အမှန်အကန်ဖြင့် ထက်ထက်သန်သန်လုပ်သောအလုပ်မျိုးဆိုလျှင် အလွန်ကောင်း၏။

ဤဆောင်းပါးကိုရေးသောအခါ မိမိသည် ဖြူစင်ဖြောင့်မတ်စွာ အထက်ပါအချက်သုံးချက်ဖြင့် ရေးလိုက်မိကြောင်း သတိပြုမိပါ၏။ ရည်ရွယ်ချက်မှာ စာဖတ်သူချစ်မိတ်ဆွေများ မိမိနှင့်အလားတူစွာ စာပေမှကောင်းကျိုးရသော ဤကဲ့သို့စာအုပ်မျိုးကို ဖတ်မိကြပါစေဟူသောစေတနာဖြင့် အသိပေးမျှဝေနှီးဆော်လိုသောသဘောပင်။

စေတနာ့ဝန်ထမ်း ကင်းထောက်တစ်ယောက်အဖြစ် လူငယ်ဘဝက လေ့ကျင့်ခဲ့ရာမှ စွဲထုံခဲ့သောအကျင့်အနေဖြင့် ပြည်သူအများသိသင့်သိထိုက်သော ဗဟုသုတအသိအမြင်ကို မြင်စေသိစေချင်သော စေ့ဆော်မှုသက်သက်ဖြင့် ရေးမိပါ၏။

ပါမောက္ခဒေါက်တာကံဇော်က ဤသို့မှတ်ချက်ပြုထားပါ၏-

**"ဤစာအုပ်သည် ဖြစ်စဉ်မှန် ဖြစ်ရပ်မှန်လုပ်ဆောင် အောင်မြင်ခဲ့သည်များကို မှတ်တမ်းတင်သရုပ်ဖော်ထားသည့်စာအုပ် ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်ရေးရာတို့တွင် လက်တွေ့ပါဝင်သရုပ်ဆောင်နေကြရသည့် သရုပ်ဆောင်များအတွက်သာမက စီးပွားရေး၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှုနှင့် ကြွေးမြီဆိုင်ရာဘာသာရပ်များကို လေ့လာသင်ယူနေသူအပေါင်းတို့အတွက်ပါ လေ့လာမှတ်သားမှတ်တမ်းထားသင့်သည့် စာအုပ်ဖြစ်ပါသည်"**

ဆရာကြီးပါမောက္ခဒေါက်တာကံဇော်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သော စီးပွားရေးပညာရပ်ဆိုင်ရာ အထူးပြုကျွမ်းကျင်သူဖြစ်သည့်အပြင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့်ပုဂ္ဂိုလ် ဖြစ်လေသည်။ နှစ်ဆယ့်တစ်ရာစုကာလ ပထမအကြိမ်ဒီမိုကရေစီအစိုးရ (၂၀၁၁-၂၀၁၆) ထိုအချိန်ကာလအတွင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို **"စီးပွားရေးပိတ်ဆို့ခံ၊ လူသားအကူအညီအထောက်အပံ့ခံနိုင်ငံဘဝ"** မှ **"ပုံမှန်နိုင်ငံ အရည်အဆင့်(Normal Country status)"**သို့ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ပြန်လည်သတ်မှတ်ပေးခဲ့သည့်အောင်မြင်မှု (သမိုင်းဝင်) မှတ်တိုင်ကို ပြန်လည်ဆောင်ကြဉ်းပေးနိုင်ကြသော အစိုးရအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ပုံမှန်နိုင်ငံသို့ ပြန်လည်ရောက်ရှိခြင်းက ဘာများထူးခြားခဲ့ပါသနည်း။

**တစ်ခါက ဦးသန့် ရေးဖူးသည် -**
**"တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံးဖြစ်လေသည်။ ဒီမိုကရေစီစနစ်အောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိကြရမည်။ အသိဉာဏ်ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်"**

ထူးခြားကွဲပြားချက်များ များစွာရှိပါသည်။ နမူနာအချက် အနည်းငယ်မျှသိသာရန် ဖော်ပြပါရစေ-

၁။ ကမ္ဘာ့နိုင်ငံများအလယ်တွင် နိုင်ငံတကာဆက်ဆံရာ၌ အထင်အမြင်အသေးမခံရနိုင်တော့ပေ။
၂။ ကမ္ဘာ့ဘဏ် (World Bank) နှင့် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်လာခြင်း။
၃။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နှင့် ကမ္ဘာပေါ်ရှိ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ကျယ်ပြန့်စွာထိတွေ့လာခြင်း။
၄။ အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ပုံမှန်ညှိနှိုင်းဆောင်ရွက်ခွင့်များ ရရှိလာခြင်း။
၅။ မြန်မာ့ဖွံ့ဖြိုးမှုမိတ်ဖက်ဂျပန်နိုင်ငံ၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB) စသည်တို့ဖြင့် ဖွံ့ဖြိုးရေးအကူအညီများ ရရှိလာနိုင်ခြင်း။
၆။ ပဲရစ်ကလပ်အဖွဲ့ဝင် မိတ်ဖက်မြီရှင်နိုင်ငံများက ဖွံ့ဖြိုးမှုအကူအညီများ ပြန်လည်ပေးအပ်နိုင်ရန် ကြွေးမြီရှင်းလင်းခြင်းလုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်၍ လုပ်ဆောင်နိုင်လာခဲ့ခြင်း၊ စသည်...

ယနေ့လက်ရှိအခြေအနေ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်သည် အမှန်စင်စစ် "၂၀၁၂ ခုနှစ် ပုံမှန်နိုင်ငံအဆင့် ပြန်လည်ရောက်ရှိခဲ့ခြင်း" အရွေ့တစ်ခုပြောင်းလဲခြင်းနှင့် "၂၀၁၃ခုနှစ် ပဲရစ်ကလပ် ကြွေးမြီရှင်းလင်းမှုနှင့် ချေးငွေဟောင်း-ချေးငွေသစ်တံတား"တို့၏ ကောင်းကျိုးရလဒ်ကျေးဇူးများ ထိရောက်ကြီးမားစွာရရှိခဲ့ကြောင်း ထင်ရှားလှပါသည်။

**အခန်း(၃)**

စာဖတ်သူများ သိထားပြီးဖြစ်သည့်အတိုင်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ကြွေးမြီများနှင့်မကင်းပါ။ အင်အားကြီး ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးအချို့သည်လည်း အကြွေးများရှိတတ်ကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ (LDCs)အနေဖြင့်ကား " ငါးပိနှင့်လောက်၊ ရွှေနှင့် ကျောက်" ဆိုသကဲ့သို့ ဒွန်တွဲပါရှိတတ်သောသဘောပင် ဖြစ်နေခဲ့ပေပြီ။ ကြွေးမြီသည် ရုန်းကန်ထူထောင်နိုင်အောင် အားယူရသောအရာဖြစ်သကဲ့သို့ အကြွေးနွံထဲသို့ နစ်ဝင်သွားစေအောင် ဆွဲချနိုင်သော ဝန်ထုပ်ဝန်ပိုးလည်း ဖြစ်တတ်ပေသေးသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဟူသော မြန်မာဆိုရိုးစကားရှိသည့်အတိုင်း ပြည်ပကြွေးမြီသည် **"သုံးတတ်လျှင် အကျိုး၊ မသုံးတတ်လျှင် ဝန်ထုပ်ဝန်ပိုး"** ဖြစ်နိုင်ကြောင်း နိုင်ငံတကာ ဖြစ်ရပ်သင်ခန်းစာများလည်း မြင်နိုင်လေသည်။ ကြွေးမြီများသည် ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်လျှောက် "ဒွန်တွဲ" ပါရှိမြဲပင်။

**"အကြွေးဆိုသည်မှာ အခြားအခြားသောထောင်ချောက်များနည်းတူပင် ဖြစ်ပေသည်။ ဝင်ဖို့ရာ လွယ်လွန်းသော်လည်း ထွက်ဖို့ရာခက်ခဲလှသည်"** ဟု ဟင်နရီဝှီးလားရှိုး (Henry Wheeler Show) ဆိုသူက ရေးသားခဲ့ဖူးသည်။ ခါးသက်သော အမှန်စကားဖြစ်ပေတော့သည်။

မိန့်ခွန်းပြောရာတွင်လည်းကောင်း၊ စာရေးရာတွင်လည်းကောင်း ပြောင်မြောက်တိကျသဖြင့် အများကလေးစားကြရသော အမေရိကန်သမ္မတတစ်ဦးရှိခဲ့ဖူးပါ၏။ သူက အမေရိကန်ပြည်ထောင်စု စတင်ထူထောင်ခါစ ဒုတိယမြောက်သမ္မတ ဂျွန်အဒမ်(John ADAM 1797-1801)ဖြစ်ပေသည်။ အမေရိကန်သမ္မတဂျွန်အဒမ်ပြောကြားခဲ့သော အောက်ပါစကားတစ်ခွန်းသည် အလွန်တရာလေးနက်လှပြီး သတိထားစရာ၊ သတိပြုစရာ အဖိုးတန်သင်ခန်းစာ (သမိုင်းကပေးသော ဉာဏ်ပညာဆင်ခြင်စရာ သင်ခန်းစာ)ဟု ဆိုနိုင်ပါသည်။

"နိုင်ငံတစ်နိုင်ငံကို အောင်နိုင်ဖို့နဲ့ကျွန်ပြုသိမ်းပိုက်နိုင်ဖို့ဆိုရင် နည်းလမ်းနှစ်ခုရှိတယ်။ တစ်ခုကတော့ လက်နက်နဲ့ အနိုင်ယူနည်းပဲ။ နောက်တစ်ခုကတော့ ကြွေးမြီနဲ့ သိမ်းယူနည်းဖြစ်တယ်။"

ဓားလက်နက်ကဲ့သို့ပင် အကြွေးပရိယာယ်ကလည်း မဖွံ့ဖြိုးသေးသောနိုင်ငံ၊ အင်အားချည့်နဲ့သောနိုင်ငံမျိုးအတွက် ချင့်ချိန်သုံးသပ်စရာတွေ့ရပါမည်။ မျက်မှောက်ခေတ်တွင် အမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ကြရာ၌ လက်နက်နှင့်ကာကွယ်ရုံမျှဖြင့် မပြီးချေ။ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်ပြည့်စုံကောင်းမွန်ရေး၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှု၊ သံတမန်ရေးစသည့် ဘက်ပေါင်းစုံက အရည်အဆင့်မီမီဆောင်ရွက်ကြရသည်။ တက်ညီလက်ညီ ကြိုးစားအားထုတ်ကာ ဟန်ချက်ညီစွာ အကောင်အထည်ဖော်ကြရပေသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်လည်း အခြေခံလိုအပ်ချက်ဖြစ်ပေသေးသည်။

ကိုယ့်နိုင်ငံကိုယ့်လူမျိုးကို တိုးတက်ဖွံ့ဖြိုးအောင် မိမိတို့နိုင်ငံသား နိုင်ငံသူအားလုံးက စည်းလုံးညီညွတ်စွာ ကျရာနေရာ၊ ရောက်ရာဒေသ ထမ်းရွက်ရမည့်တာဝန်ကို ဦးလည်မသုန်စွမ်းဆောင်ကြမည်ဟူသော စိတ်သဘောထားများရှိကြဖို့လည်း လိုလေသည်။

**အခန်း(၄)**

စာအုပ်အမည်ကတော့ အနည်းငယ်ရှည်သည်ဟု ဆိုချင်ဆိုနိုင်ပါမည်-

**"နိုင်ငံ၏ပြည်ပကြွေးမြီအခြေအနေနှင့် ပဲရစ်ကလပ်ကြွေးမြီရှင်းလင်းခြင်းအတွေ့အကြုံ"**

ကိုယ်တိုင်ဖြတ်သန်းခဲ့သော လွန်ခဲ့သည့် ကိုးနှစ် ၁၀နှစ် ကာလဆီက ဘဝတစ်ကွေ့ အတွေ့အကြုံကို စာရေးသူ ပြည်ထောင်စုဝန်ကြီးက ရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်ပေသည်။ စာရေးသူအမည် ဝင်းရှိန်၊ အခြားဘာမျှ စာရေးသူက ဂုဏ်ထူးဝိသေသ မဖော်ပြချေ။ သို့ရာတွင် အမှန်စင်စစ် တပ်မတော်အရာရှိကြီးဖြစ်သည်။ ဗိုလ်ချုပ်အဆင့်အထိ စစ်မှုထမ်းခဲ့သည်။ သံအမတ်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးတာဝန်များကို အဆင့်ဆင့်ထူးချွန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ဂုဏ်သတင်းထင်ရှားသောပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

(ကိုယ်ရေးအကျဉ်းကို ထိုစာအုပ်စာမျက်နှာ ၁၅၅ တွင် ဖော်ပြထားပေသည်)

**အခန်း(၅)**

မနေနိုင်မထိုင်နိုင် စာရေးသူက ဤအရာသည် ကိုယ်နှင့်ဆိုင်သလားမသိ၊ မဆိုင်ဘူးလားမသိ။ စာအုပ်တစ်အုပ်ကို ဖတ်မိလိုက်သည်နှင့် ရေးချင်စိတ်ရွစိတက်လာသဖြင့် ဤဆောင်းပါးကို ရေးမိပါ၏။

**စာမျက်နှာ ၇ သို့ ❖**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၀**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**သွားရောက်ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံ ပရိယတ္တိစာသင်တိုက်၊ ရွာသစ်ကြီးကျောင်းတိုက်၊ မဟာဝိဇ္ဇာသိပ္ပံ ကျောင်းတိုက်၊ တပ်ကုန်းမြို့နယ်ရှိ ကျောက်စရစ်ကုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ သဖန်းကိုင်း ပရဟိတဘုန်းတော်ကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဗိုလ်ချုပ်အောင်ဆန်း ရပ်ကွက်ရှိမင်္ဂလာတိုက်ကျောင်းကျောင်းတိုက်၊ သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာရှိ အောင်မင်္ဂလာကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ သကျမိတ္တာပညာပါရမီကျောင်း၊ သာပေါင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

**ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေး**

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ကုန်းရုံးကျောင်းတိုက်နှင့် ဇောတိကကံအောင်မင်္ဂလာကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ပြည်ထောင်စုနယ်မြေတွင် တောင်သူဦးရေ ၅၃၀၀ ကျော်အတွက် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၃၁၀၀ ကျော် ထုတ်ချေးပေးထား

**နေပြည်တော် စက်တင်ဘာ ၂၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးခရိုင်ဘဏ်ခွဲမှ တောင်သူဦးကြီးများသို့ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက်ပိုင်းက ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်ထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၂ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ထုတ်ချေးရာတွင် ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ဝက္ကမူ ကျေးရွာအုပ်စုနှင့် ရုံးပင်ကျေးရွာအုပ်စုတို့မှ တောင်သူ ၈၄ ဦးတို့၏ လယ်ဧက ၄၀၉ ဧကအတွက် ငွေကျပ် ၆၁ ဒသမ ၃၅ သန်း ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

လယ်ဝေးခရိုင် ဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ် ၂၀၂၀ ပြည့်နှစ် မိုးချေးငွေ ပြေကျေစွာပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ကျေးရွာအုပ်စု ၃၈ အုပ်စု၊ တောင်သူ ၂၃၄၆ ဦး၊ စပါးစိုက်ဧက ၉၀၅၆ ဧကအတွက် ချေးငွေကျပ် ၁၃၅၈ ဒသမ ၄ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လယ်ဝေးခရိုင်ဘဏ်ခွဲမန်နေဂျာ ဒေါ်ထွေးထွေးသိန်းထံမှ သိရသည်။

လက်ရှိတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲလေးခုမှ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၁၁၀၊ တောင်သူ ၅၃၈၂ ဦး၊ စပါးစိုက်ဧက ၁၉၀၆၃ ဧကနှင့် အခြားသီးနှံ ၂၄၈၁ ဧကအတွက် စုစုပေါင်းစိုက်ဧက ၂၁၅၄၄ ဧကအတွက် ချေးငွေကျပ် ၃၁၀၇ ဒသမ ၅၅ သန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း နေပြည်တော်တိုင်း ဘဏ်ခွဲမန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

**အေးသန့် (သတင်းစဉ်)**



# တနင်္သာရီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**တနင်္သာရီ စက်တင်ဘာ ၂၀**

တနင်္သာရီမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ အရှေ့မော်တုန်းကျေးရွာအုပ်စု (အထက)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်ပြည့် ၁၆ ဦး၊ အသက် ၁၈ နှစ်ပြည့် ၄၁ ဦး စုစုပေါင်း ၅၇ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီး အိမ်ထောင်စုစာရင်း ၁၁ ခုကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သီသီခိုင်(တနင်္သာရီ)**

❖ စာမျက်နှာ ၆ မှ

ဤစာအုပ်အကြောင်းရေးပါဟု မည်သူကမှ မတိုက်တွန်းပါ။ မိမိစိတ်ဆန္ဒအလျောက် မရေးရမနေနိုင်သဖြင့် ဖတ်ပြီးသည်နှင့် ရေးချင်စိတ်ပေါက်သည်။ နှစ်ခေါက်လောက် နောက်ထပ်ဖတ်သည်။ သေချာသွားပြီ။ ဤစာအုပ်မျိုးအကြောင်းကိုတော့ စာဖတ်ဝါသနာပါသူများ သတိပြုမိပါစေ၊ သိကြပါစေဟူသော ဖြူစင်သည့်စေတနာဖြင့် အခမဲ့ကြေညာမောင်းခတ်လိုက်ပါရစေ။ **နိုင်ငံတော်၏ ပြည်ပကြွေးမြီအခြေအနေ။ စာချစ်သူချင်းလက်တို့သော သဘောသာဖြစ်ပါသည်။ လူဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် အကြိုက်ချင်းက ညီကြသည်မဟုတ်။ မိမိနှစ်သက်သဘောကျရုံမျှနှင့် သူတကာလည်း နှစ်သက်မည်ဟု ယူဆ၍မရ။ သိပါသည်။**

ဖတ်လို့ကောင်းခြင်းဟူသော စကားပြေအရေးအသားက ဆွဲဆောင်အားရှိသည်။ ရိုးသားဖြောင့်မှန်ခြင်းဟူသော သစ္စာတရား၏ ခွန်အားက အလွန်ထက်မြက်လှသည်။ ရသအနုပညာပါသည့် အရေးအသားနှင့် အကျိုးရှိသောဗဟုသုတက တန်ဖိုး။

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးမှာ အနားလေးဘက်ရှိပါ၏။ ထောင့်လေးထောင့်ဟုလည်း ဆိုနိုင်ပါသေး၏၊ ထောင့်စေ့အောင် လုပ်ဆောင်ကြရကြောင်း မြင်ကြပါလိမ့်မည်။

၁။ သံတမန်ရေးရာ (Diplomatic)၊

၂။ စီးပွားရေးရာ (Economic)၊

၃။ ပြန်ကြားရေး (Information)၊

၄။ စစ်ရေးစွမ်းအား (Military Power)၊

စာရေးသူ ဆရာဝင်းရှိန်က သူ၏ဘဝတစ်စိတ်တစ်ဒေသကို မှတ်လောက်သားလောက်အောင် ရေးသားတင်ပြထားကြောင်း တွေ့ရသည်။ မန္တလေးတွင်မွေးသော မန္တလေးသားဖြစ်သဖြင့် ဇာတိအရ ယဉ်ကျေးမှုအဆင့်က တင့်တယ်ပြီးသား။ မန္တလေး၏ ဒေသဝိသေသ လက္ခဏာအငွေ့အသက်ကို အထူးဖော်ပြနေစရာမလိုပေ။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၉) တက်ရောက်ခဲ့ပြီး တပ်မတော်(ရေ) တွင် ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ခြင်းက စစ်ရေးစွမ်းအား။ ထိုအပိုင်းကို ကိုယ်တွေ့ ၃၁ နှစ်ကြာ ဖြတ်သန်းခဲ့ရသည်။ စာရေးစာဖတ်ဝါသနာပါသည်။ နေ့စဉ်ထုတ်သတင်းစာများနှင့် တပ်မတော်(၈၇)နှစ်ပတ်လည်မဂ္ဂဇင်းတို့တွင် သတင်းဆောင်းပါးများ ရေးသားခဲ့သည်။

သံအမတ်ကြီးတာဝန် နိုင်ငံခြားတွင် ထမ်းဆောင်ခဲ့ရသည်။ ဒုတိယဝန်ကြီးအဖြစ် ဝန်ကြီးဌာန နှစ်နေရာ ထမ်းဆောင်ခဲ့ရပြန်သည်။ (၂၀၁၂-၂၀၁၆) ပြည်ထောင်စုဝန်ကြီးအဖြစ် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့စဉ် ဤကိုယ်တွေ့အကောင်အထည်ဖော်ခဲ့ရသည့် လုပ်ငန်းစဉ်ကို ဖော်ပြထားခြင်းပင်။ စိတ်ဝင်စားစရာကောင်းလှပါသည်။ သူသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးတာဝန် ထောင့်လေးနေရာကို ထောင့်စေ့အောင် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံရှိသည်ဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် စုစုပေါင်း ကြွေးမြီပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၅၆ ဘီလီယံ (၅၉၅၆သန်း) အမှန်တကယ် ကြွေးလျှော်ပေးမှုရရှိအောင် သူက အနှောင့်အယှက်အခက်အခဲအမျိုးမျိုးကြားက ထိုးဖောက်ထွက်ကာ အောင်မြင်စွာဦးဆောင်ကွပ်ကဲပြီး စွမ်းဆောင်နိုင်ခဲ့ခြင်းပင်ဖြစ်၏။ ၂၄-၁-၂၀၁၃ ရက်နှင့် ၂၅-၁-၂၀၁၃ ရက်တို့တွင် ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံများ ညှိနှိုင်းအစည်းအဝေးတွင် မြီရှင် ၁၁ နိုင်ငံ၏ ကြွေးမြီများအနက်မှ ကြွေးမြီ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၂၅ ဘီလီယံ (ဒေါ်လာ ၅၉၂၅သန်း) ကြွေးလျှော်ပေးခဲ့ခြင်းဖြစ်သည်။ အံ့သြစရာ အတိုင်းအတာပမာဏပါတကား။

ကြွေးတင်လျှင် ရှင်ဘုရင်ဆပ်လိမ့်မည်ဟု မြန်မာဆိုရိုးစကားရှိဖူးသည်။ ဘာအဓိပ္ပာယ်ဆိုလိုသည်ကို မသိပါ။ ဆရာဝင်းရှိန်၏ ဘဝကိုယ်တွေ့ဖြစ်ရပ်မှန် လုပ်ဆောင်ချက်အမှတ်တရ မှတ်တမ်းစာအုပ်ကို ဖတ်မိလိုက်မှ အုပ်ချုပ်သူမင်းအစိုးရ၏ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အမျိုးသားနိုင်ငံတော်တည်တံ့ရှင်သန်ခိုင်မာရေးမှာ အောင်မြင်စွာစွမ်းဆောင်ပေးရန် တာဝန်ကျေခဲ့သူတို့၏ စေတနာနှင့်စွမ်းရည်ကို လေးစားအားကျဖွယ် မြင်ရပေတော့သည်။ ကြည်နူးဝမ်းသာဂုဏ်ယူမိပါသည်။

ရေးသူ၏ ကိုးစားနိုင်မှု( Reliability) အထူးအားကောင်းသည်။

အကြောင်းအရာအချက်အလက်၏ ခိုင်လုံမှု(Validity) က အလွန်ပင် စေ့စပ်တိကျမှန်ကန်လှသည်။ သိရသည်မှာ အကျိုးရှိလှပါ၏။

ဘဝမှတ်တမ်းအတွေ့အကြုံ (Memoirs) ရေးထိုက်အောင် ထူးခြားမှုစံအင်္ဂါ (Standard) နှင့် ပြည့်စုံပါပေသည်။ စာအုပ်နာမည် အတော်အတန်ရှည်လျားလှသော်လည်း မမှတ်မိလျှင် ထားလိုက်ပါ။ ဆရာဝင်းရှိန်ရေးသားသော သူ၏အတွေ့အကြုံ "နိုင်ငံတော်၏..." ဤစာအုပ်ကို နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူတိုင်း ဖတ်ကြည့်ထိုက်ပါကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ခုနစ်ခုမှ ယာဉ်စီးရေ ၁၇ စီးဖြင့် အောက်ဆီဂျင်အရည် Browser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင်(အိုးခွံ) ၃၈၆၇ ခု၊ အောက်ဆီဂျင်ထုတ်စက် ၅၅ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၁၈၀ နှင့် နှာခေါင်းစည်း ၂၄ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် Browser ယာဉ်နှစ်စီးမှာ ရန်ကုန်မြို့သို့ ဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက် ၅၅ ခုမှာ ဆိပ်ကမ်း မှ ရန်ကုန်မြို့သို့ အခု ၅၀ နှင့် မူဆယ်မှ ရန်ကုန်မြို့သို့ သုံးခု၊ သာစည်မြို့သို့ တစ်ခု၊ ချင်းရွှေဟော်မှ ပြင်ဦးလွင်မြို့သို့ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် Virtual ပုံစံဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ တတိယလှိုင်းတွင် စေတနာ့ဝန်ထမ်းများက ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနိုင်သော်လည်း ရောဂါမှာ စိတ်ချရသောအခြေအနေသို့ မရောက်နိုင်သေးကြောင်း၊ စေတနာ့ဝန်ထမ်းဆောင်ရွက်ရာတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများလည်း ပူးပေါင်းပါဝင်နိုင်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီမှုကြောင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်ခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ပြီးခဲ့သောနှစ်လတွင် လူဦးရေ စုစုပေါင်း နှစ်သန်းကျော်ကို ကာကွယ်ဆေးထိုးနိုင်ခဲ့၍ စာရင်းထည့်ခြင်းများဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က စေတနာ့ဝန်ထမ်းများ တတိယလှိုင်းအတွင်း အားထုတ်ကြိုးစားမှုကြောင့် အသက်စွန့်သွားရသူများ၊ ရောဂါကူးစက်ခံရမှုများရှိခဲ့သည့်အတွက် လေးစားဂုဏ်ယူပါကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုဝန်ထမ်းဦးစီးမှူးများ၊ စေတနာ့ဝန်ထမ်းများ/ပရဟိတအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိမိတို့လုပ်ဆောင်နေသော နယ်ပယ်ကဏ္ဍ အသီးသီးတွင် လုပ်ဆောင်နေမှုများ၊ အားသာချက်/အားနည်းချက်များနှင့် လိုအပ်ချက်များကိုတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဦးမြို့၌ အောက်ဆီဂျင်ဘူးများ အခမဲ့ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

**မြောက်ဦး စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ပြည်သူ့ဆေးရုံကြီးအတွင်း အောက်ဆီဂျင်ဘူးများ လုံလောက်စွာရရှိရေး၊ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး၊ ကိုဗစ်ပိုးတွေ့လူနာများအား အမြန်ဆုံးကုစားပေးနိုင်ရေးနှင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသော အရေးပေါ်လူနာများနှင့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား အမြန်ဆုံးကုသပေးနိုင်ရေးအတွက် နေ့စဉ် အောက်ဆီဂျင်ဘူး ၁၆ လုံးမှ အလုံး ၂၀ ကြား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အခမဲ့လှူဒါန်း**

ဆက်လက်၍ မြောက်ဦးမြို့ ရတနာ့မာရ်အောင်ကျောင်းတိုက်မှ မြောက်ဦးဆရာတော်ကြီး ဝနဝါသီအရှင်ဝါယာမိန္ဒက ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အရေးပေါ်အောက်ဆီဂျင်လိုအပ်ချက်များကို ဩဂုတ်လမှ စက်တင်ဘာလကုန်ထိ နှစ်လကြာ အခမဲ့လှူဒါန်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နန်းရိပ်ကရုဏာ အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းအနေဖြင့် အောက်ဆီဂျင်စက်ရုံမှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀ ဖြင့် နေ့စဉ်ထုတ်လုပ်လည်ပတ်လျက်ရှိကြောင်း နန်းရိပ်ကရုဏာအောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းရွှေထံမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# ကြက်ခြေနီ ရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်း ဖွင့်လှစ်



**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ရန်ကုန်တိုင်းဒေသကြီး) နှင့် ဂျာမနီနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ကြက်ခြေနီရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ယုဇနပလာဇာ အနောက်ဘက်ရှိ တိုင်းကြက်ခြေနီကြီးကြပ်မှု ကော်မတီရုံး ဂရုဏာခန်းမ၌ ကျင်းပရာ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးကြည်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရုံးချုပ်၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်း၊ တိုင်းကြက်ခြေနီအသင်းများမှ နည်းပြများ၊ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်မှ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြပြီး ခရိုင်လေးခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက မိမိတို့ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင် သင်တန်းသားများအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ကြက်ခြေနီ ရှေးဦးပြုစုခြင်း (နည်းပြ)သင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရှေးဦးပြုစုခြင်း ဘာသာရပ်များ၊ ကုသရေး နည်းလမ်းများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းများမှ နည်းပြဆရာများက စာတွေ့၊ လက်တွေ့ ကွင်းဆင်းပြီး ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးမှ သိရသည်။

**ဉာဏ်ဟိန်း**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## မအီမြို့၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများနှင့် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ ရဟန်းသံဃာတော်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေး

**မအီ စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မအီမြို့တွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ ရဟန်းသံဃာတော်များအား ကာကွယ်ဆေးထိုးနှံရန် စုရပ်ဖြစ်သည့် မအီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးမထိုးမီ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ အောက်ဆီဂျင်တိုင်းတာပေးခြင်း စသည့် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများပြုလုပ်ပြီး ကာကွယ်ဆေးထိုးနှံပြီး နောက်ပိုင်း မိနစ် ၃၀ ခန့် စောင့်ဆိုင်းနားနေပြီးမှ သွားရောက်ခွင့်ပြုကြောင်း သိရသည်။



ယင်းကာကွယ်ဆေးထိုးနှံရာနေရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ပုနှင့် ဌာနဆိုင်ရာများ၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစောကျော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံရန်လာရောက်ကြသည့် ပြည်သူများအဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ယခင်ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရဟန်းသံဃာတော်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် ကိုဗစ်ကာကွယ်ဆေး Sinopharm အမျိုးအစား ၃၅ လုံးကို ဆေးတစ်လုံးလျှင် ငါးဦးနှုန်းဖြင့် စုစုပေါင်း ၁၇၅ ဦး ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။ **မင်းသိန်းထွန်း**



## မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**မြေပုံ စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခြင်းကို ယနေ့ နံနက် ၁၀ နာရီက တောင်ပေါ်ရပ်ကွက် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ စတင်ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဦး လမ်းညွှန်မှုဖြင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ထွေ/အုပ်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ဆေးထိုးစုရပ်၌ ကိုဗစ်-၁၉ ရောဂါကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဦးတည်အုပ်စုများကို ကာကွယ်ဆေးထိုးရန် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီး ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးကို ပထမအကြိမ် ထိုးနှံပေးလျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုများကို ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ပထမအကြိမ်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းနှင့် ကာကွယ်ဆေးထိုးနှံရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း ထန်းတပင်မြို့မအားကစားကွင်းစုရပ်နှင့် တက်သစ်တိုက်နယ်ဆေးရုံစုရပ်တို့၌ ကာကွယ်ဆေးကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ကာကွယ်ဆေးမထိုးနှံရသေးသည့် အသက် ၅၅ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၉ ရက်မှ စတင်၍ အထက (ခွဲ)အုတ်ဖိုကျောင်းနှင့် နဲသမိန်တိုက်နယ်ဆေးရုံစုရပ်တို့၌ ထိုးနှံပေးလျက်ရှိပြီး စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ အထက(ခွဲ)အုတ်ဖိုကျောင်း၊ နဲသမိန်တိုက်နယ်ဆေးရုံ၊ မြို့မအားကစားကွင်းနှင့် တက်သစ်တိုက်နယ်ဆေးရုံစုရပ်နေရာ လေးခုတို့၌ ကာကွယ်ဆေးလာရောက်ထိုးနှံသူဦးရေ ၁၄၀၅ ဦးအထိရှိကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံခြင်းကို သက်ဆိုင်ရာဦးစားပေးကျေးရွာ အုပ်စုများအလိုက် စုရပ်များခွဲကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်တွင် မြို့မအားကစားကွင်းစုရပ်နှင့် တက်သစ်တိုက်နယ်ဆေးရုံစုရပ်တို့၌ ထပ်မံ၍ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်တွင် ပေါက်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းစုရပ်နှင့် လှည်းဆိပ်တိုက်နယ်ဆေးရုံစုရပ်တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် အထက (ဘောလည်)စုရပ်နှင့် အမက(ပက်အင်းကလေး) စုရပ်တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် အထက (ရခိုင်ရိုးကြီး)စုရပ်တွင် လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် အထက



(ကျူတော)စုရပ်နှင့် အလိန်လည်တိုက်နယ်ဆေးရုံစုရပ်တို့တွင် လည်းကောင်း ကာကွယ်ဆေးမထိုးနှံရသေးသူများအား ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်ထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ သုံးခုမှ Zinc Tablets ၁၄၆ ခု၊ Paracetamol Tablets ၃၈၃၂ ခု၊ Benzyl Benzoate Lotion အခု ၁၁၅၀၊ Phytomenad အခု ၆၀ ၊ Vitamin–C Tablets ၇၀၇၄ ခု၊ Vitamin – C + Zinc Tablets ၅၀၄၄ ခု၊ Amero Powder For Injection အခု ၁၅၀၀၀၊ မျက်နှာအကာ အခု ၁၇၀၀၀၊ Thermometer ၁၂၇၇ ခု၊ နှာခေါင်းစည်း အခု ၈၅၀၊ Gloves ၃၂၂ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ သုံးစုံ၊ Oxygen Supply ၄၇၆ ခု၊ Flow Splitter For Oxygen Concentrator ၃၄ခု၊ Pulse Oximeter ၁၇ခု၊ Iehk2017, Kit, Basic Unit ၄၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ အောက်ဆီဂျင်ထုတ်သည့်စက် အခု ၅၀၊ Oxygen Flow Meter အခု ၂၄၀၀၊ Oxygen Cylinder ၆၈၇ ခု၊ အိမ်သုံးအောက်ဆီဂျင်စက်အခု ၁၈၀ နှင့် ဆေးဝါးမျိုးစုံ ၃၅မျိုး (၂၆၃၃၃၃ ဒသမ ၅၉ )ကီလိုဂရမ်၊ နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ၁၈ ခုတို့မှ Oxygen Cylinder ၃၁၈၀၊ နှာခေါင်းစည်း ၂၅၂၀၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၀၆၂ ကုဗမီတာ၊ Flow Meter \Regulator အခု ၅၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၉၆၈ စုံ၊ အောက်ဆီဂျင်ထုတ်သည့်စက် ငါးခု၊ Liquid Stroge Container တစ်ခု၊ Oxygen Colling Tower တစ်ခု၊ Liquid Gas Conversion တစ်ခု၊ Oxygen Booster တစ်ခု၊ Supercharger For Oxygen Plant တစ်ခု၊ Sodium Chloride Injection ၆၀၇၂၀ ကီလိုဂရမ်၊ Trolley အခု ၁၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ် ၂၀၂၃ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်

**လားရှိုး စက်တင်ဘာ ၂၀**
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၀ ရက်တွင် လားရှိုးခရိုင် ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ်တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါသံလွင်မြစ်ကူး(ကွမ်းလုံ) တံတားသစ်တည်ဆောက်ရေးလုပ်ငန်းများမှ ယာယီကြိုးတံတားဆောက်လုပ်နေမှုများနှင့် ကွမ်းလုံဘက်ကမ်းတောင်ဖြတ်မြေလုပ်ငန်းဆောင်ရွက်နေမှုများ၊ သိန္နီဘက်ကမ်း တောင်ဖြတ်မြေလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်က ရှင်းလင်းရာတွင် ကွမ်းလုံဘက်ကမ်းပိုင်း၌ တောင်ဖြတ်မြေလုပ်ငန်း ၇၀ ရာခိုင်နှုန်း၊ သိန္နီဘက်ကမ်းပိုင်း၌ တောင်ဖြတ်မြေလုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးကာ ယာယီကြိုးတံတားမှာ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီး အောက်တိုဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် သံလွင်မြစ်ကူး (ကွမ်းလုံ)တံတားသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့ဝင်များသည် ယာယီကြိုးတံတား တည်ဆောက်နေမှုများနှင့် တောင်ဖြတ်မြေလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

**စစ်ဆေးကြည့်ရှု**

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့သို့ရောက်ရှိကာ မြန်မာ-တရုတ် နယ်စပ်စည်းရိုးဆောင်ရွက်နေမှုများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လတ်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ထပ်မံဖွင့်လှစ်မည့် ချင်းရွှေဟော်-မိန်းတိန် နယ်စပ်ဂိတ်ပေါက် အဆိုပြုထားရှိသော နေရာများကို လိုက်လံပြသခဲ့သည်။

ခရိုင် ပြန်/ဆက်)



# စားအုန်းဆီ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**
မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ယနေ့မှစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ် ဒေသအသီးသီးရှိ လက်လီ/ လက်ကား ရောင်းချသူများသို့ စားအုန်းဆီ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စတင်ရောင်းချသည့် ယနေ့တွင် စားသုံးဆီဖြန့်ဖြူးရောင်းချသည့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ လာရောက်ဝယ်ယူသည့် ပမာဏမှာ ပိဿာ ၂၇၅၀၀၀၊ တန်ချိန် ၄၅၀ ခန့်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်လီဈေးများတွင် ဖြန့်ဖြူးရောင်းချသူများက စတင်ဝယ်ယူဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများ ပိုမိုအဆင်ပြေစေရေးအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးရန်လည်း စီစဉ်လျက်ရှိပြီး စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (ခ/၈၁-၈၂)၊ ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ဖုန်းနံပါတ်၊ ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးဝါးများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများ လက်လီလက်ကား ရောင်းချပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**
ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၂ ခုမှ ငွေကျပ် နှစ်သိန်းကျော်တန်ဖိုးရှိ အိမ်သုံးဆေးဝါး ၁၆၈ မျိုးကို ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈) နေရာ၌လည်း ၂၆ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် တစ်သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၀-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ပရော်ဖက်ရှင်နယ်လက်ဝှေ့ကစားသမား ပက်ကွီယို ဖိလစ်ပိုင်သမ္မတ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်



**မနီလာ စက်တင်ဘာ ၂၀**

ဖိလစ်ပိုင် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားနှင့် ဖိလစ်ပိုင် အထက်လွှတ်တော်အမတ်ဖြစ်သူ ပက်ကွီယိုသည် ၂၀၂၂ ခုနှစ် မေလအတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယမန်နေ့တွင် ကြေညာသည်။

"ကျွန်တော်ဟာ လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာရော ကြိုးဝိုင်းအပြင်မှာပါ အမြဲတမ်းယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်" ဟု ပက်ကွီယိုက ပြောကြားခဲ့ပြီး နိုင်ငံကို ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်ဖို့ စည်းလုံးညီညွတ်ကြရန်လည်း တောင်းဆိုခဲ့သည်။

ထို့ပြင် ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ အစိုးရသည် အာဏာအလွဲသုံးစားမှုနှင့် အကျင့်ပျက်ခြစားမှုများရှိကြောင်းလည်း ပက်ကွီယိုက ဝေဖန်ပြောကြားခဲ့သည်။ အသက် ၄၂ နှစ်အရွယ် ပက်ကွီယိုသည် အထက်လွှတ်တော်အမတ် အက်ကွီလီနိုပီမန်တယ်ဦးဆောင်သည့် PDP-Laban အဖွဲ့၏ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှုကို တရားဝင်လက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းတင်သွင်းမှုကို အောက်တိုဘာလအတွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး သမ္မတရွေးကောက်ပွဲကိုမူ မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်သင့်ကြောင်း အီဂျစ်တိုက်တွန်း

**ကိုင်ရို စက်တင်ဘာ ၂၀**

အစ္စရေးနိုင်ငံသည် ဆယ်စုနှစ်များစွာကြာဖြစ်ပွားခဲ့သည့် ပါလက်စတိုင်းနှင့်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပသင့်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှော်ခရီက အစ္စရေးတာဝန်ရှိသူတစ်ဦးဖြစ်သည့် ယာလာပစ်အား တိုက်တွန်းခဲ့သည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယမန်နေ့၌ ပြောကြားသည်။

ဒေသတွင်း ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှုရရှိစေရန်အတွက် နှစ်ဖက်စလုံးအနေဖြင့် တင်းမာမှုများကို စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် လိုအပ်လျက်ရှိကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အာမက်ဟာဖက်က ပြောကြားသည်။ ဆာမက်ရှော်ခရီနှင့် ယာလာပစ်တို့၏ ဆွေးနွေးမှုများအတွင်း ပါလက်စတိုင်းပိုင်နက် နယ်မြေများအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် အစ္စရေးဝန်ကြီးချုပ် နက်ဖ်တလီဘန်နက်တို့အကြား အစ္စရေး-ပါလက်စတိုင်း ဆက်ဆံရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီး နောက် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှော်ခရီနှင့် အစ္စရေးတာဝန်ရှိသူတစ်ဦးဖြစ်သည့် ယာလာပစ်တို့အကြား ဆွေးနွေးမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တစ်လကျော်ကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်း

**ဟနွိုင်း စက်တင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၈၁ ဦးရှိပြီး အဆိုပါ အရေအတွက်သည် တစ်လကျော်ကာလအတွင်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှု အနိမ့်ဆုံးသို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၈၁ ဦးအနက် ၈၆၆၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၉၅၇၄၄ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၇၃၀၅ ဦး ရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် ကူးစက်ခံရမှုအများဆုံးဒေသမှာ တောင်ပိုင်းဒေသဖြစ်ပြီး ဟိုချီမင်းစီးတီး၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၁၇၁ ဦး၊ ဘင်ဒေါင်ပြည်နယ်၌ ၁၄၁၀ နှင့် ဒွန်နိုင်းပြည်နယ်၌ ၈၆၉ ဦး အသီးသီးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၆၈၂၁ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၆၄၃၂၆ ဦးရှိကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၄ ဒသမ ၆ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၄၅ ဒသမ ၂၂ သန်းကျော်ရှိပြီဖြစ်

**ဂျကာတာ စက်တင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၄၅ ဒသမ ၂၂ သန်းကျော်ရှိပြီဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

**ကူးစက်ခံရသူစုစုပေါင်း ၄၁၉၂၆၉၅ ဦးရှိလာ**

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၇၉ ဒသမ ၆၅ သန်းကျော် ရှိသွားပြီဖြစ်ကြောင်းလည်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၃၂ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၁၉၂၆၉၅ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၆ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၄၀၆၃၄ ဦး ရှိလာကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၇၉၉ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၉၉၆၁၂၅ ဦး ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

# လုံခြုံရေးနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များ၌ ဂျော်ဒန်နှင့်အီရတ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်

**အမန် စက်တင်ဘာ ၂၀**

ဂျော်ဒန်နိုင်ငံက လုံခြုံရေးနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များကို အီရတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျော်ဒန်ပြည်ထဲရေးဝန်ကြီး မေဇန်ဖာရာယာက အီရတ်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အိုမန်အယ်လ်ဂန်မီနှင့်ပြုလုပ်သောဆွေးနွေးပွဲ၌ ယမန်နေ့တွင် ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံအကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကဏ္ဍများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကိစ္စရပ်များအတွက် သတင်းအချက်အလက်များကို အပြန်အလှန် ဖလှယ်သွားရေးလုပ်ဆောင်မည်ဖြစ်ကြောင်း ဂျော်ဒန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ခါရာမာ-ထရီဘေနယ်စပ်ဒေသမှတစ်ဆင့် ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြသည်။ အီရတ်နိုင်ငံသားများအနေဖြင့် ဂျော်ဒန်နိုင်ငံအတွင်း အခြေစိုက်နေထိုင်ရေးအတွက် အခက်အခဲများမရှိစေရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျော်ဒန်ပြည်ထဲရေးဝန်ကြီး မေဇန်ဖာရာယာက ပြောကြားသည်။ အီရတ်နိုင်ငံနှင့်ဆက်ဆံရေးကဏ္ဍတွင် အတားအဆီးများကို ဖယ်ရှားသွားမည်ဖြစ်ကြောင်း ဂျော်ဒန်အစိုးရက ပြောကြားသည်။ မိမိတို့နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးကိုတိုးမြှင့်သွားမည်ဖြစ်ကြောင်း အိုမန်အယ်လ်ဂန်မီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

■



## လစ်ဗျားနိုင်ငံက အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့သို့ လေကြောင်းလိုင်းပြေးဆွဲမှု ပြန်လည်စတင်မည်

**ထရီပိုလီ စက်တင်ဘာ ၂၀**

လစ်ဗျားနိုင်ငံသည် အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့သို့ လေကြောင်းလိုင်း ပြေးဆွဲမှုများကို စက်တင်ဘာလနောက်ပိုင်း မှစတင်ကာ ပြန်လည်စတင်တော့မည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံ အစိုးရက ယမန်နေ့တွင် ကြေညာသည်။

**ပြောကြား**

စက်တင်ဘာ ၃၀ ရက်မှစတင်ကာ လစ်ဗျားနိုင်ငံ၏ မြို့တော်ထရီပိုလီနှင့် ဘင်ဂါဇီမြို့တို့ရှိ လေဆိပ်များမှ အီဂျစ်နိုင်ငံ၏ မြို့တော် ကိုင်ရိုမြို့သို့ တိုက်ရိုက်လေကြောင်းလိုင်းများပြေးဆွဲမှု ပြန်လည်စတင်ရန် တစ်နိုင်ငံလုံးမှ မြို့ပြလေကြောင်းဌာနများက သဘောတူညီခဲ့ကြကြောင်း လစ်ဗျားအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာမူဒါက ပြောကြားသည်။

ယင်းသို့ လစ်ဗျားနိုင်ငံမှ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲမည့် ကြေညာချက်သည် လစ်ဗျားနိုင်ငံဝန်ကြီးချုပ် အဗ္ဗဒူလ်ဟာမစ်ဒီဘီဘာ၏ လွန်ခဲ့သည့် ရက်ပိုင်းအတွင်းက သွားရောက်ခဲ့သည့် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ ခရီးစဉ်အပြီးတွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

## လက်ဘနွန်နိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပြိုလဲလုနီးပါးအခြေအနေသို့ ရောက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

**ဘေရွတ် စက်တင်ဘာ ၂၀**

လက်ဘနွန်နိုင်ငံ၌ ကျန်းမာရေးလုပ်သားရှားပါးမှု၊ ဆေးဝါးပစ္စည်းများလျော့နည်းလာမှုနှင့် လောင်စာဆီလျော့နည်းလာမှုတို့ကြောင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ပြိုလဲလုနီးပါးအခြေအနေသို့ရောက်ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် သတိပေးပြောကြားသည်။

**ကြိုးစားဆောင်ရွက်နေ**

နိုင်ငံအတွင်းရှိ ရောဂါကုသရေး ကျွမ်းကျင်သူဆရာဝန်များ၏ ၄၀ ရာခိုင်နှုန်းနှင့် သူနာပြု ၃၀ ရာခိုင်နှုန်းခန့်မှာ လက်ဘနွန်နိုင်ငံမှ ပြည်ပနိုင်ငံများသို့ ထွက်ခွာသွားခဲ့ကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်နွန် ဂါဘရီယီဆက်က ပြောကြားသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ဆေးရုံများ၌ လောင်စာဆီ ပြတ်လပ်မှုကြောင့် ရောဂါကုသရေးလုပ်ငန်းများကို ၅၀ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် နိုင်ငံအတွင်းရှိ ကျန်းမာရေးလုပ်သားများမှာ နိုင်ငံသားများ၏အသက်ကို ကယ်တင်နိုင်ရန်အတွက် ဆေးဝါးဆိုင်ရာအရင်းအမြစ်အနည်းငယ်ဖြင့် ကြိုးစားဆောင်ရွက်နေရကြောင်း ၎င်းကပြောကြားသည်။

**ပေးအပ်သွားမည်**

သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် လက်ဘနွန်နိုင်ငံ၏ ယခုရင်ဆိုင်နေရသော ကျန်းမာရေးဆိုင်ရာအခက်အခဲများကို ဖြေရှင်းနိုင်ရန် လိုအပ်သော ဆေးဝါးနှင့် အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်ပြီး လက်ဘနွန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကောင်းမွန်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၁၄ သန်းကျော်ရှိလာ

**အဒစ်အာဘာဘာ စက်တင်ဘာ ၂၀**

အာဖရိကတိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၁၄၆၃၁၀ ရှိကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**သေဆုံးသူ စုစုပေါင်း ၂၀၆၁၇၉ ဦးရှိ**

အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက် တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၀၆၁၇၉ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံ အသီးသီးမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၇၄၈၀၁၂၃ ဦး ရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မှတ်ချက်ပြုပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

**ဒုတိယအများဆုံးဒေသများဖြစ်**

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိက အလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်





## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၄၄ သန်းကျော်ရှိလာ

**တီဟီရန် စက်တင်ဘာ ၂၀**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၃၉၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၅၄၄၂၃၂ ဦးရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီး ဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

**သေဆုံးသူ စုစုပေါင်း ၁၁၇၅၂၆ ဦးရှိ**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၄၄ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၇၅၂၆ ဦးရှိလာကြောင်း အဆိုပါဝန်ကြီး ဌာနက ပြောကြားသည်။

အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၆၇၀၇ ဦးထပ်တိုး လာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၇၉၂၁၁၇ ဦးရှိလာကြောင်း သိရသည်။

**နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၁၄၁၂၀၉၆၅ ဦးရှိ**

အီရန်နိုင်ငံ၌ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၃၀၃၀၂၉၈၃ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၁၄၁၂၀၉၆၅ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံသည် လက်ရှိတွင် ဒယ်လ်တာဗီဇ ပြောင်းဗိုင်းရပ်စ်ကူးစက်မှုများဖြင့် ရင်ဆိုင်နေရပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်
❖

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၂၅၆ ဦးရှိ



**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၀၂၅၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၃၄၇၈၄၁၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၉၅ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၅၁၃၃ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ် တောင်ပိုင်းဖြစ်ကြောင်းနှင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ စုစုပေါင်း ၃၁၈၁၈၁ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၄၃၉၃၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၂၇၁၅၁၀၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၀၉ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ စက်တင်ဘာ ၂၀**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၅၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၀၉၇၈၃၀ ရှိလာကြောင်း မလေးရှားကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၉၅၄ ဦးအနက် ၁၄၉၄၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၇၆ ဦး ထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၃၄၄၃ ဦးရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၃၄၆၉ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၈၆၃၉၁၉ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၂၁၀၄၆၈ ဦး ရှိကြောင်း၊ ယင်းတို့အနက် ၁၁၉၁ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၆၆၂ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် စက်တင်ဘာ ၁၈ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၃၂၅၅၉ လုံးအသုံးပြုခဲ့ပြီး နိုင်ငံလူဦးရေ၏ ၆၇ ဒသမ ၄ ရာခိုင်နှုန်းခန့်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၅၆ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၀၉ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် စက်တင်ဘာ ၂၀**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၇၀၉ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၀၆ ဦး ထပ်မံတွေ့ရှိရကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာက ယနေ့ ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၂၈၃၁ ဦးမှာ မြို့တော် ဗန်ကောက်မှဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၄၈ သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၅၄၆၉ ဦးရှိကြောင်း အဆိုပါစင်တာမှ ပြောကြားသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၁၁၂၅ ဦး ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး လာမည့်လတွင် နိုင်ငံတကာမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသည့် ခရီးသည်များကို ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ချောင်ဘူရီ၊ ပတ်ချန်ဘူရီ၊ ပရာချုတ်၊ ခီရီခန်နှင့် ချင်းမိုင် ဒေသများအား အောက်တိုဘာ ၁ ရက်မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုင်းအစိုးရသည် အဆိုပါဒေသများရှိ လူဦးရေအနည်းဆုံး ၅၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပြီး အသက် ၁၂ နှစ်ကျော်အရွယ်ရှိသူများအား ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူများကိုလည်း တတိယအကြိမ် အပိုဆောင်း ထိုးနှံပေးရန် ဆောင်ရွက်လျက်ရှိသည်။ လူဦးရေသန်း ၇၀ နီးပါးရှိသော ထိုင်းနိုင်ငံ၌ လူဦးရေ၏ ၇၀ရာခိုင်နှုန်းအား ယခုနှစ်ကုန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံ၌ လက်ရှိအချိန်တွင် လူဦးရေ၏ ၂၁ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးကြောင်း သိရသည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၃၉၈ ဦးရှိ

**အန်ကာရာ စက်တင်ဘာ ၂၀**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၃၉၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၈၄၇၂၅၉ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၃ ဦးထပ်တိုးလာသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၁၅၇၄ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၇၁၆၀ ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၅၂ ဒသမ ၆၇ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၄၂ ဒသမ ၀၂ သန်းကျော်ရှိကြောင်းနှင့် တတိယအကြိမ် ထိုးနှံပေးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၅ ဒသမ ၁၁ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၂၉၃၈၄၅၅၈ | ဦး |
| သေဆုံးသူ | ၄၇၀၇၃၅၈ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၀၆၀၅၃၆၆၆ | ဦး |

## မူဆယ်မြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ




**နေပြည်တော် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် ခိုဝိန်းနယ်မြေ အမှတ်(၁၀/၁၃၇) အခန်း ၁၀ တွင် ငှားရမ်းနေထိုင်သူ ကျောက်ကွမ်ကြူ(ခ) ကျောက်ကျုံး၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်အတွင်းမှ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၂ ဒသမ ၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၇၃ စီး၊ သွင်းကုန် ၁၅၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၇၀ သန်း)ရှိ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Milk (125 mlx60) (50 Pkgs)၊ Lipovitan-D (100 mlx50) (40 Pkgs) နှင့် Child One Set (1x 500 U) (2 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂန့်ဂေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်း မြစ်သာမြစ်ရေ မြင့်တက်

**ဂန့်ဂေါ စက်တင်ဘာ ၂၀**

ဂန့်ဂေါမြို့နယ်တွင် ယခုတစ်ပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းသည့်အတွက် ဒေသအတွင်းစီးဆင်းသည့် ချောင်းများ၊ တောင်ကျချောင်းများ ရေမြင့်တက်လျက်ရှိသည့်အပြင် ဂန့်ဂေါမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မြစ်သာမြစ်ရေမှာလည်း မြင့်တက်လျက်ရှိသည်။

ထိုသို့ မြစ်ချောင်းရေများ မြင့်တက်လျက်ရှိရာ ဂန့်ဂေါမြို့နယ် ရွှေဘိုရွာအနီး ဖြတ်သန်းစီးဆင်းသည့် ခင်ရန်းချောင်းရေမြင့်တက်သဖြင့် ယမန်နေ့က ကျေးရွာအနိမ့်ပိုင်းရှိ နေအိမ် ၃၅ လုံးသို့ ရေဝင်ရောက်မှုရှိသော်လည်း လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့ပြင် ဂန့်ဂေါမြို့နယ် မြင်းဇာရွာနှင့် ကျွဲနန်းကျေးရွာတို့အနီး ထီးလင်း- ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် ၁၀၄/၅ အနီးရှိ တံတားအမှတ် ၄/၁၀၅ အုတ်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းနိမ့်ကျွံသွား၍ လတ်တလောတွင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်လျက်ရှိပြီး ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ရန် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် စက်တင်ဘာ ၂၀**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၉-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV**

| | |
|---|---|
| ၀၆:၀၀ | [illegible] |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၄၅ | [illegible] |
| ၁၀:၀၀ | [illegible] |
| ၁၁:၄၅ | ရုပ်မြင်သံကြားဇာတ်လမ်း '[illegible]' |
| ၁၂:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '[illegible]' |
| ၁၆:၄၅ | [illegible] |
| ၁၇:၀၅ | [illegible] |
| ၁၈:၄၅ | [illegible] |
| ၁၉:၀၀ | ပြည်တွင်းသတင်း |
| ၁၉:၃၀ | [illegible] |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '[illegible]' (အပိုင်း-၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | [illegible] |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '[illegible]' (အပိုင်း-၃) |
| ၂၂:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း '[illegible]' |

**mitv**

| | |
|---|---|
| 07:01 | News |
| 07:27 | Evergreen Classic: An Da Yel Kin (Htar) |
| 07:35 | Travelogue: "Anyar Myay" or Upcountry (Part-3) |
| 07:51 | Orchid Lover |
| 08:01 | Talk & Discussion: All about Weight Loss |
| 08:43 | Myanmar Betels |
| 09:01 | ALMS BOWL |
| 09:20 | Scented Buddha Images |
| 09:26 | Dances of Myanmar "Muun Traditional Dance" |
| 09:31 | Myanmar Marionette |
| 10:01 | Myanmar Masterclass: Impressionism |
| 10:07 | On the River |
| 10:29 | Manuha Temple Festivities |
| 11:30 | A Day Life Of Kayan Padaung Triber |

**MRTV NRC**

[illegible]

**MRTV**

[illegible]

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | [illegible] |
| ၀၆:၃၀ | [illegible] |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | [illegible] |
| ၀၈:၀၀ | [illegible] |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel [illegible] Education Channel [illegible]
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**
ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတ အဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ မြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

**လက်ခံထားရှိ**

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၈၂ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၅ ဦးအားလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ


ကလောမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျောက်ဆည်မြို့နယ်
သက်မောင်(ကျောက်ဆည်)


မြင်းခြံမြို့နယ်
ကျော်စွာ(ပြန်/ဆက်)


ဖိုပုံးမြို့နယ်
ထက်ထက်


ဖေယျာသီရိမြို့နယ်
မြို့နယ်(ပြန်/ဆက်)


ကျိုက်မရောမြို့နယ်
ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)


မသိမ်းမြို့နယ်
မျိုးမင်း(ပြန်/ဆက်)


ပန်းတနော်မြို့နယ်
မြို့နယ်(ပြန်/ဆက်)

# ကလေးတွေမှာ ရောဂါဖြစ်ပွားရင် လူကြီးတွေလို ဆိုးဆိုးရွားရွားဖြစ်ပွားတာမရှိဘူး။ ပြင်းထန်မှုမရှိဘူးဆိုတာ တွေ့ရှိရပါတယ်

ဒေါက်တာခင်ခင်ကြီး

ကလေးနှင့် ဆယ်ကျော်သက်အရွယ်များတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံမေးမြန်းထားသည်။

ထက်လျှံ

**မေး။** ။ ကလေးနဲ့ ဆယ်ကျော်သက်အရွယ်တွေမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုတွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။

**ဖြေ။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ စက်တင်ဘာလ ၁၄ ရက် ထုတ်ပြန်တဲ့ Weekly Epidemiological Update အရ ကလေးတွေနဲ့ ဆယ်ကျော်သက်တွေမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး အထူးထုတ်ပြန်ချက်ပါဝင်ပါတယ်။ ကလေးတွေ ရောဂါဖြစ်ပွားရင် လူကြီးတွေလို ဆိုးဆိုးရွားရွားဖြစ်ပွားတာနဲ့ ပြင်းထန်မှုမရှိဘူးဆိုတာ တွေ့ရှိရပါတယ်လို့ ပြောပါတယ်။ ကလေးတွေနဲ့ ဆယ်ကျော်သက်တွေ ဖြစ်တယ်ဆိုရင် သာမန်လက္ခဏာ၊ အချို့ဆိုရင် လက္ခဏာတောင် မပေါ်ပါဘူး၊ အသင့်အတင့် လက္ခဏာလောက်ပဲ ဖြစ်သလို သေဆုံးမှုကလည်း လူကြီးတွေနဲ့နှိုင်းစာရင် အလွန်နည်းတာ တွေ့ရပါတယ်။

### ဆေးရုံတက်ရောက်မှုအလွန်နည်း

ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုက အသက်ကြီးလေ များလေဖြစ်ပါတယ်။ ကလေးတွေဖြစ်ရင် ပြန်ကောင်းလာတာ များပါတယ်။ ဆေးရုံတက်ရောက်မှု အလွန်နည်းပါတယ်။ ရောဂါဖြစ်ပွားမှုအနေနဲ့ သံသယလက္ခဏာတွေ မပေါ်ပါဘူး၊ အသင့်အတင့်ပဲပေါ်ပါတယ်။ ရောဂါရှိမှန်း၊ ဖြစ်လို့ဖြစ်မှန်းမသိတော့ စစ်ဆေးမှုတွေ မလုပ်ဆောင်မိတဲ့အတွက် ရောဂါဖြစ်ပွားတဲ့ အရေအတွက်နည်းတာကို တွေ့ရပါတယ်။ ရောဂါလက္ခဏာသာမန်နဲ့ အသင့်အတင့်ရှိတဲ့အတွက် သူတို့တွေကနေ အခြားသူကို မကူးစက်နိုင်ဘူးလားဆိုတော့ ဒီလိုလည်း မဟုတ်ပါဘူး။ သူတို့အချင်းချင်းကူးနိုင်သလို လူကြီးတွေနဲ့ သူတို့နေထိုင်တဲ့ ပတ်ဝန်းကျင်ကို ကူးစက်နိုင်ပါတယ်။

ကလေးတွေမှာ ဖြစ်နိုင်တဲ့ရောဂါလက္ခဏာတွေနဲ့ ကူးစက်နိုင်စွမ်းတွေ သိပြီဆိုရင် လိုအပ်တဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို တွေ့ရှိချက်နဲ့အညီ ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ ကာကွယ်ဆေးတွေကို အသက် ၁၈ နှစ်နဲ့အထက်တွေကို ထိုးနှံပါတယ်။ အမေရိကန်နိုင်ငံမှာ ကလေးငယ်တွေကို ထိုးနှံတဲ့ လုပ်ငန်းတွေစတင်နေပြီ ဖြစ်ပါတယ်။ Pfizer ကာကွယ်ဆေးက နဂိုကတည်းက အသက် ၁၆ နှစ်အထက်တွေကို ထိုးနှံပေးတာဖြစ်ပါတယ်။ ယူကေမှာအခု အသက် ၁၂ နှစ်ကနေ ၁၅ နှစ်အထိ ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ အသက် ၁၂ နှစ်အောက် ကလေးတွေကို ထိုးနှံပေးမှုက အလွန်နည်းပါတယ်။ တချို့နိုင်ငံတွေမှာ ကလေးငယ်တွေကို ထိုးနှံပေးတယ်ဆိုတာ အများစုကိုထိုးနှံပေးတာ မဟုတ်ပါဘူး။ ခြွင်းချက်အနေနဲ့ Pfizer ကလွဲပြီး WHO က အရေးပေါ် အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေဟာ အသက် ၁၈ နှစ်အထက်ကို ထိုးနှံပေးထားတာဖြစ်ပါတယ်။

### ကူးစက်ဖြစ်ပွားမှုတွေ ပိုရှိလာ

လက်ရှိအနေအထားအရ အသက်အပိုင်းအခြားနဲ့ ကြည့်မယ်ဆိုရင် ၅ နှစ်အောက်ကလေးတွေမှာ ကူးစက်မှုအလွန်နည်းပါတယ်။ အသက် ၅ နှစ်ကနေ ၉ နှစ်ကလည်း နည်းပါတယ်။ ကြီးကောင်ဝင်စ အသက် ၁၀ နှစ်မှ ၁၄ နှစ်က ဖြစ်ပွားမှု နည်းပါတယ်။ ဆယ်ကျော်သက် ၁၅ နှစ်မှ ၁၉ နှစ်က ရောဂါကူးစက်မှု စပြီးရှိလာပါတယ်။ လူငယ် Young Adult အသက် ၂၀ ကနေ ၂၄ နှစ်အရွယ်မှာ ကူးစက်ဖြစ်ပွားမှုတွေ ပိုရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေ၊ မူကြိုတွေ၊ နေ့ကလေးထိန်းကျောင်းတွေ ဖွင့်တာ၊ ပိတ်တာက ဒီအချက်တွေအပေါ် မူတည်ပြီး စဉ်းစားဆုံးဖြတ်တာ ဖြစ်ပါတယ်။

ကလေးတွေနဲ့ပတ်သက်ပြီး WHO က သုတေသနလုပ်ထားတာရှိပါတယ်။ စက်တင်ဘာလ ၁၄ ရက်က ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုတွေ စတင်တဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်ကစပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၆ ရက်အထိ ရောဂါပိုးတွေ့လူနာ စုစုပေါင်း သန်း ၉၀ ရဲ့ အချက်အလက်အရ အသက်အရွယ်ကြီးလေလေ ရောဂါဖြစ်ပွားမှုများတာကို တွေ့ရပါတယ်။

သုတေသနအရ ရောဂါဖြစ်ပွားမှုအနေနဲ့ အသက် ၅ နှစ်အောက် ကလေးတွေမှာ ရောဂါဖြစ်ပွားမှု အနည်းဆုံးဖြစ်ပါတယ်။ ဖြစ်ပွားမှုရဲ့ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး သေဆုံးမှုအနေနဲ့ ၁၇၀၄ ဦးရှိတဲ့အတွက် သုည ဒသမ ၁ ရာခိုင်နှုန်း သေဆုံးမှုရှိပါတယ်။

### လူ ၂၀၀ မှ တစ်ဦးသေဆုံးမှုရှိတဲ့သဘော

၅ နှစ်ကနေ ၁၄ နှစ်အတွင်း တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှုရဲ့ ၆ ဒသမ ၂ ရာခိုင်နှုန်းနဲ့ သေဆုံးသူ ၁၂၁၈ ဦးရှိတဲ့အတွက် တစ်ကမ္ဘာလုံးသေဆုံးမှုရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။ အသက် ၁၅ နှစ်ကနေ ၂၄ နှစ်အထိ တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှုရဲ့ ၁၄ ဒသမ ၃ ရာခိုင်နှုန်းနဲ့ သေဆုံးမှု ၆၃၂၇ ဦးရှိတဲ့အတွက် တစ်ကမ္ဘာလုံးသေဆုံးမှုရဲ့ သုည ဒသမ ၄ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ တစ်ကမ္ဘာလုံး သေဆုံးမှုမှာ ကလေးတွေကနေ လူငယ်အထိ သေဆုံးမှုက သုည ဒသမ ၅ ရာခိုင်နှုန်းရှိတဲ့အတွက် ၁၀၀ မှာ တစ်ဦးမရှိပါဘူး၊ လူ ၂၀၀ မှ တစ်ဦးသေဆုံးမှုရှိတဲ့သဘောဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုအနေနဲ့ အသက် ၁၅ နှစ်အောက်က တစ်နိုင်ငံလုံး ရောဂါဖြစ်ပွားမှု စုစုပေါင်းရဲ့ ၇ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ အသက် ၁၅ နှစ်ကနေ ၄၅ နှစ်အထိ ရောဂါဖြစ်ပွားမှု စုစုပေါင်းရဲ့ ၅၇ ရာခိုင်နှုန်း ဖြစ်ပွားမှုရှိတဲ့အတွက် ဒီအသက်အပိုင်းအခြားက ဂရုစိုက်ရမယ့် အခြေအနေဖြစ်ပါတယ်။ သေဆုံးမှုအနေနဲ့ အသက် ၁၅ နှစ်အောက် သေဆုံးမှုက တတိယလှိုင်းအစမှ စက်တင်ဘာလ ၆ ရက်အထိ ၂၁ ဦးရှိပါတယ်။ စုစုပေါင်းသေဆုံးမှုရဲ့ သုည ဒသမ ၂ ရာခိုင်နှုန်းရှိတဲ့အတွက် WHO ရဲ့ အချက်အလက်တွေနဲ့ ကိုက်ညီနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

အသက် ၁၅ နှစ်ကနေ ၂၉ နှစ်အထိ သေဆုံးမှုက ၂၂၂ ဦးရှိတဲ့အတွက် ၁ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ အသက် ၃၀ ကနေ ၄၄ နှစ်အထိ သေဆုံးမှု ရာခိုင်နှုန်း ၁၀ ဒသမ ၇ ရာခိုင်နှုန်း ရှိပါတယ်။ အသက် ၄၅ နှစ် ကနေ ၆၀ နှစ်အထိ သေဆုံးမှု ရာခိုင်နှုန်း ၃၅ ဒသမ ၉ ရာခိုင်နှုန်း ရှိပါတယ်။ အသက် ၆၁ နှစ်ကနေ ၇၅ နှစ်အထိ သေဆုံးမှု ရာခိုင်နှုန်း ၃၇ ဒသမ ၉ ရာခိုင်နှုန်း ရှိပါတယ်။ ဒါက မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုတွေကို သိရှိပြီး သတိထားနိုင်စေဖို့ ဖြစ်ပါတယ်။

### အန္တရာယ်ရှိဆဲ

ရောဂါလက္ခဏာတွေက အသက်ငယ်တဲ့သူ၊ အထူးသဖြင့် အသက် ၅ နှစ်ကလေးငယ်တွေ၊ ကလေးကြီးတွေ၊ အသက် ၁၀ နှစ်မှ ၁၉ နှစ်အရွယ်ကြီးကောင်ဝင်စ၊ ဆယ်ကျော်သက်အရွယ်တွေမှာ လက္ခဏာကရှိချင်မှ ရှိတယ်။ သာမန်နဲ့ အသင့်အတင့် လက္ခဏာမျိုး ရှိတတ်ပါတယ်။ အသက် ၂၅ နှစ်အထက်ဆိုရင် ရောဂါလက္ခဏာတွေ ရှိလာတတ်ပါတယ်။ တစ်နည်းအားဖြင့် အသက်ကြီးလေလေ ရောဂါလက္ခဏာတွေ ပေါ်လာတတ်လေလေ ဖြစ်ပါတယ်။ ဒါပေမယ့် အသက် တစ်နှစ်အောက်ကလေးတွေ၊ မွေးစကနေ ၂၈ ရက်ကလေးတွေမှာ အန္တရာယ်ရှိဆဲ ဖြစ်ပါတယ်။

ကလေးတွေမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးပြီဆိုရင် နောက်ဆက်တွဲရောဂါဝေဒနာတွေ ခံစားရနိုင်ပါတယ်လို့ ပြောထားတဲ့အတွက် မပေါ့ဆစေချင်ပါဘူး။ ဥရောပနဲ့ အမေရိကမှာ ကလေးတွေ ကိုဗစ်ဖြစ်ပွားပြီးရင် ခန္ဓာကိုယ်မှာရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေရောင်ရမ်းတဲ့လက္ခဏာတွေနဲ့ နောက်ဆက်တွဲဆက်စပ်မှုတွေ ရှိတတ်တယ်လို့ သိရပါတယ်။ အချို့တွေမှာ ရောဂါပြင်းထန်မှုတွေ ခံစားရနိုင်ပါတယ်။

အချုပ်အားဖြင့် ကလေးတွေနဲ့၊ ဆယ်ကျော်သက်တွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ခံစားရနိုင်ပါတယ်။ လူကြီးတွေနဲ့ နှိုင်းစာရင် ရောဂါလက္ခဏာ ခံစားရမှုနည်းပါတယ်။ ဘာကြောင့်လဲဆိုရင် ကလေးတွေမှာ Biological Factor ဆိုတဲ့ သဘာဝဇီဝဖြစ်စဉ်မှာ ကိုယ်ခံအားစနစ်က ကောင်းစွာဖွံ့ဖြိုးပြီး ရောဂါပိုးတွေကို တိုက်ထုတ်နိုင်စွမ်းရှိပါတယ်။ ဒါ့အပြင် ဗိုင်းရပ်စ်အနေနဲ့ ကလေးတွေမှာ ရောဂါဖြစ်ပွားမှု သဘောသဘာဝကိုက ပျော့ပါတယ်။ သိပ်ပြီး ဆိုးဆိုးရွားရွား မဖြစ်ပါဘူး။ ဗိုင်းရပ်စ်ရဲ့ သဘောသဘာဝအပေါ် မူတည်ပါတယ်။ ကလေးတွေက အိမ်ထဲမှာ နေတာများတယ်၊ အန္တရာယ်ရှိတဲ့ အပြုအမူတွေ မပြုလုပ်ဘူး၊ နောက်ခံရောဂါတွေမရှိဘူး၊ ဒီလိုအကြောင်းအချက်တွေက ကလေးတွေမှာ ရောဂါဖြစ်ပွားမှုနဲ့ ကူးစက်မှု နည်းစေတဲ့ အကြောင်းရင်းတွေ ဖြစ်ပါတယ်။ သူတို့တွေ အပြင်ထွက်ရတာ နည်းတဲ့အတွက် ပတ်ဝန်းကျင်ကနေ ကူးစက်မှု အခွင့်အလမ်းနည်းတယ်၊ ဗိုင်းရပ်စ်ရဲ့ ကူးစက်မှုပမာဏ နည်းပါတယ်။ သူတို့ကနေ အခြားသူကို ကူးစက်နိုင်စွမ်းရှိပါတယ်။

ရောဂါဖြစ်ပွားရင် ရောဂါရဲ့နောက်ဆက်တွဲဆိုးကျိုးတွေဖြစ်ပွားတာ နည်းပါတယ်။ ဘယ်လိုလူတွေမှာ နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်စေနိုင်သလဲဆိုရင် မွေးရာပါရောဂါအခံရှိသူ၊ ဆီးချို၊ အဝလွန်တာ၊ သွေးနဲ့ဆိုင်တဲ့ရောဂါတွေ ခံစားနေရတဲ့ ကလေးတွေဆိုရင် သူများထက်ပိုပြီး ဂရုစိုက်ရမှာ ဖြစ်ပါတယ်။

**မေး။** ။ ကျောင်းတွေ ပြန်ဖွင့်ချိန်မှာ လိုက်နာရမယ့်အချက်တွေကို ပြောကြားပေးပါဦး။

**ဖြေ။** ။ မကြာမီ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်လာပြီဆိုရင် ကျောင်းတွေပြန်ဖွင့်ဖို့ အစီအစဉ်ရှိပါတယ်။ ရောဂါကူးစက်မှုအလွန်များတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျောင်းတွေပြန်ဖွင့်နေပြီး အခြားကမ္ဘာ့နိုင်ငံတွေမှာ ကျောင်းတွေပြန်ဖွင့်ဖို့ ဆောင်ရွက်နေပါတယ်။ **စာမျက်နှာ ၁၇ သို့** ○



- ❖ **မိသားစုဝင်တွေ ကာကွယ်ဆေးထိုးခြင်းက ကလေးတွေကို သွယ်ဝိုက်ပြီး ကာကွယ်ရာ ရောက်ပါတယ်။ ကာကွယ်ဆေးထိုးဖို့ အခွင့်အလမ်းရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးထားမယ်ဆိုရင် မိမိရဲ့မိသားစုထဲမှာရှိတဲ့ ကလေးတွေကို ကိုဗစ်-၁၉ အန္တရာယ်က ကင်းဝေးစေပါတယ်။**
- ❖ **ကျောင်းတွေ မြန်မြန်ဖွင့်နိုင်ဖို့ဆိုတာ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ဖို့က အရေးကြီးတဲ့အတွက် ပြည်သူတွေအားလုံးက ကိုဗစ်-၁၉ စည်းကမ်းတွေကို လိုက်နာပြီး ကာကွယ်ထိန်းချုပ်ရေးမှာ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။**

## မုဒုံမြို့နယ်၌ မွန်ရိုးရာဓလေ့ဆွမ်းတော်ကြီးတင်ပွဲအား ရိုးရာမပျက်ကျင်းပ



**မုဒုံ စက်တင်ဘာ ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မွန်ရိုးရာဓလေ့ သင်္ဘောဆွမ်းတော်ကြီးတင်ပွဲကို တော်သလင်းလပြည့်နေ့တွင် နှစ်စဉ်ကျေးရွာအချို့၌ကျင်းပလေ့ရှိရာ ယနေ့ နံနက်ပိုင်းက ဘုရားစေတီများနှင့် မြို့နယ်အတွင်းရှိ မွန်ဘုန်းကြီးကျောင်းတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

မွန်လူမျိုးတို့သည် အနယ်နယ်အရပ်ရပ်ရှိ မွန်ဘုန်းတော်ကြီးကျောင်းများတွင် အလှူရှင်အပေါင်းတို့က လုပ်အား၊ အလှူငွေအားဖြင့် သင်္ဘောတစ်စင်းကို စက္ကူ၊ ဝါး၊ သစ်သားစသည်တို့ဖြင့် ပြုလုပ်တည်ဆောက်ပြီး ယင်းသင်္ဘော၏ ကုန်းပတ်ပေါ်တွင် ဆွမ်း၊ တံခွန်၊ ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စသောအမျိုးအမည် တစ်ထောင်နီးပါးရှိ လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ကို တင်လှူကာ တော်သလင်းလပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ဆီဆိုင်မြို့၌ ဆန်နှင့် အခြေခံစားသောက်ကုန်များ လှူဒါန်း



**ဆီဆိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် မြို့ပေါ် ခြောက်ရပ်ကွက်မှ ကိုဗစ်-၁၉ ရောဂါခံစားနေရသူများ၊ စောင့်ကြည့်လူနာများ၊ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်ရောက်နေသူများ၊ စားဝတ်နေရေး ခက်ခဲသည့် အိမ်ထောင်စုများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဦးအောင်နိုင် (သူရိယနဂါးအားမာန်ကုမ္ပဏီ) မိသားစုမှ ဆန်နှင့် အခြေခံစားသောက်ကုန်များကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဆီဆိုင်ဂေါက်ကလပ်၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ဆန်ခြောက်ပြည်အိတ် ၁၂၀၊ ပဲဆီတစ်ပိဿာဘူး ၁၂၀၊ ကြက်သွန်နီဆယ်ပိဿာအိတ် ခြောက်အိတ်တို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**

## နောင်ချိုမြို့နယ်၌ အောက်ဆီဂျင်အလုံးရေ ၃၀ ထပ်မံရောက်ရှိ

**နောင်ချို စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် သဖန်းကိုင်းပရဟိတ လူမှုကူညီရေးအသင်းအတွက် အောက်ဆီဂျင်အလုံးရေ ၃၀ ယမန်နေ့က ထပ်မံရောက်ရှိကြောင်း သိရသည်။

သဖန်းကိုင်းပရဟိတ လူမှုကူညီရေးအသင်း ကုသရေးစင်တာတွင် တစ်ရက်လျှင် အိမ်သုံးအောက်ဆီဂျင်စက်ခုနစ်လုံး ထားပေးသည့်အပြင် အောက်ဆီဂျင် အိုး ၁၅ အိုးနှင့် ၂၀ ကြား နေ့စဉ်အသုံးပြုနေရကြောင်း၊ လိုအပ်သောအောက်ဆီဂျင်များကိုလည်း ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း သဖန်းကိုင်းပရဟိတလူမှုကူညီရေးအသင်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ၂၀၂၁ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာစာစောင် (ဩဂုတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ကိုကိုချွန် (မော်လမြိုင်)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) တို့၏ "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံးဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ အောင်မြတ်စည်သူ၊ ကျော်ဝင်းဟိန်း (ပခုက္ကူ) တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ အေးထွန်းမင်း၊ ခင်မောင်မြိမ့်တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါး၊ ထီလာစိုးမြင့်ထယ်၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါး၊ မြသိန်း၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါး၊ စိုးနိုင်ထွန်း (ကနီ)၏ အမုန်းစကားဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း (သနွေသား)၊ ဒေါက်တာလွင်သန့်၊ ဝင်းထွဋ်ဦး၊ ဒေါက်တာကောင်းစံတို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ညီမော်သိမ်း၊ စိုးစိုး (ပန်းတောင်း)၊ ခိုင်ဇော် (ဒဿန)၊ ဆောင်းဝင်းလတ်၊ နိုင်သောင်းထွဋ်၊ တင်ကြည်အောင် (တွံတေး)၊ စိန်ဝင်းမော်၊ ရဲရင့်နဒီ၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၁၆ မှ

မြန်မာနိုင်ငံအနေနဲ့ ရောဂါကာကွယ်ထိန်းချုပ်နိုင်စွမ်းရှိလာတဲ့ မကြာမီအချိန်မှာ ကျောင်းတွေပြန်ဖွင့်ဖို့ရှိပါတယ်။ ဒီအခါ မိဘတွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေရှိပြီး ဒီစိုးရိမ်ပူပန်မှုတွေ လျော့နည်းစေဖို့အတွက် ကလေးတွေမှာ ဖြစ်ပွားမှုနည်းတယ်၊ ဖြစ်ပွားရင်လည်း ဆိုးဆိုးရွားရွားမဖြစ်ဘူးဆိုတဲ့ သတင်းစကားပါးလိုပါတယ်။

**ဘယ်လိုကလေးတွေက အန္တရာယ်များသလဲ**

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC)ရဲ့ ၂၀၂၁ ခုနှစ် ဇူလိုင် ၉ ရက် ထုတ်ပြန်ထားတဲ့ အမေး၊ အဖြေအရ ကလေးတွေကူးစက်နိုင်သလားဆိုရင် ကလေးတွေ၊ ဆယ်ကျော်သက်တွေမှာ ကူးစက်နိုင်ပါတယ်။ ရောဂါပြင်းထန်စွာ ခံစားရတာတွေ မရှိနိုင်ပါဘူး။ သူတို့ကနေတစ်ဆင့် အခြားလူကို ကူးစက်နိုင်ပေမယ့် နည်းပါတယ်။ ဘယ်လိုကလေးတွေက အန္တရာယ်များသလဲဆိုရင် လူကြီးတွေလိုပါပဲ။ ဝတဲ့ကလေးတွေ၊ ဆီးချိုရှိသူ၊ ပန်းနာရင်ကျပ်ရှိသူ၊ အဆုတ်မကောင်းသူ၊ သွေးထဲမှာ သွေးနီဥပုံပျက်နေတဲ့ ရောဂါရှိသူတွေ၊ ကိုယ်ခံအားကျဆင်းနေတဲ့ ကလေးတွေမှာ သူများထက်စာရင် အန္တရာယ်ပိုရှိပါတယ်။

လူကြီးတွေထက်စာရင် ဘယ်လောက်အထိ အန္တရာယ်နည်းသလဲဆိုရင် လက်ရှိအချိန်အထိ သိရှိရတဲ့ အချက်အလက်တွေအရ အသက် ၁၈ နှစ်အောက်မှာ ရောဂါဖြစ်ပွားမှုက တစ်ကမ္ဘာလုံး ရောဂါဖြစ်ပွားမှုရဲ့ ၈ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်လို့ CDC က ပြောထားပါတယ်။ သေဆုံးမှု အလွန်နည်းပါတယ်။ နောက်ခံရောဂါရှိသူတွေလောက်ပဲ အန္တရာယ်ရှိပါတယ်။ ရောဂါလက္ခဏာအနေနဲ့ ပြင်းပြင်းထန်ထန်မဖြစ်ပါဘူး။ ပြင်းပြင်းထန်ထန်ဖြစ်သူ၊ ဝေဒနာခံစားရသူ၊ သေဆုံးသူတွေ ရှိနိုင်ပါတယ်။ သာမန်ကလေးတွေထက် နောက်ခံရောဂါရှိသူတွေမှာ ပိုဖြစ်နိုင်ပါတယ်။

ကလေးတွေမှာ ရောဂါပိုးကူးစက်ရင် ဆိုးဆိုးရွားရွားဖြစ်လေ့မရှိပါဘူး။ တချို့မှာ ရောဂါလက္ခဏာမရှိတဲ့အတွက် ဖြစ်လို့ဖြစ်မှန်းမသိပါဘူး။ ဘယ်လိုလက္ခဏာတွေ ပေါ်တတ်သလဲဆိုရင် ကလေးတွေမှာ အနံ့အရသာပျောက်တာထက်စာရင် ဖျားတယ်၊ ချောင်းဆိုးတယ်၊ ဝမ်းပျက်တယ်၊ အန်တယ်၊ ခေါင်းကိုက်တယ်၊ နေရတာမကောင်းဘူး မအီမသာဖြစ်တယ် ဒီလိုပုံစံမျိုးတွေနဲ့ လာတတ်ပါတယ်။

**အန္တရာယ်က ကင်းဝေးစေ**

မိသားစုဝင်တွေ ကာကွယ်ဆေးထိုးခြင်းက ကလေးတွေကို သွယ်ဝိုက်ပြီး ကာကွယ်ရာရောက်ပါတယ်။ ကာကွယ်ဆေးထိုးဖို့ အခွင့်အလမ်းရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးထားမယ်ဆိုရင် မိမိရဲ့မိသားစုထဲမှာရှိတဲ့ ကလေးတွေကို ကိုဗစ်-၁၉ အန္တရာယ်က ကင်းဝေးစေပါတယ်။ ကျောင်းတွေက ဆရာ ဆရာမတွေ အများစုကို ဦးစားပေးအစီအစဉ်နဲ့ ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်ပါတယ်။

ကျောင်းဖွင့်ဖို့အတွက် ဆရာ ဆရာမတွေ အကုန်လုံး ကာကွယ်ဆေးထိုးပြီး ဖြစ်ရမယ်လို့ သတ်မှတ်ချက်မရှိပါဘူး။ အမေရိကန်လို ကာကွယ်ဆေး လွှမ်းခြုံမှုများတဲ့နိုင်ငံမှာတောင် ကျောင်းဖွင့်ဖို့အတွက် ကလေးတွေ ကာကွယ်ဆေးထိုးပြီး ဖြစ်ရမယ်၊ ဆရာ ဆရာမတွေ ကာကွယ်ဆေးထိုးပြီး ဖြစ်ရမယ်လို့ သတ်မှတ်ချက် မလုပ်ထားပါဘူး။ မြန်မာနိုင်ငံမှာ စိတ်ချရတဲ့အချိန်၊ ရောဂါကို ထိန်းချုပ်နိုင်တဲ့အချိန်မှာ စာသင်ကျောင်းတွေ ပြန်ဖွင့်မှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ကလေးတွေက စာသင်ကျောင်းတွေနဲ့ ဝေးကွာနေတယ်။ မြန်မာနိုင်ငံမှာ ကျောင်းမနေနိုင်တဲ့ ကလေးတွေက ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိ များနေဆဲဖြစ်ပါတယ်။ ဒီလိုပိတ်ရက်တွေ များလာတဲ့အခါ ကျောင်းပြင်ပကို ရောက်ရှိသွားနိုင်တဲ့ ကလေးဦးရေတွေများလာပြီး သူတို့ရဲ့ဘဝနောင်ရေး၊ ရှေ့အလားအလာကို အများကြီး ထိခိုက်နိုင်ပါတယ်။ ကျောင်းတွေ မြန်မြန်ဖွင့်နိုင်ဖို့ဆိုတာ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ဖို့က အရေးကြီးတဲ့အတွက် ပြည်သူတွေအားလုံးက ကိုဗစ်-၁၉ စည်းကမ်းတွေကို လိုက်နာပြီး ကာကွယ်ထိန်းချုပ်ရေးမှာ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ မကြာမီ အချိန်အတွင်းမှာ ပညာရေးကဏ္ဍကို ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နိုင်ပြီး မြန်မာနိုင်ငံက ကလေးတွေ အခြားနိုင်ငံတွေထက် နောက်ကျမကျန်ရအောင် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ ပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်လို့ ပြောလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်တွင်းရေးရာ

✻ ကျောဖုံးမှ

မိုင်းရယ်မြို့နယ်၌ မိုးရာသီ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးဧကများမှာ မိုးစပါး(လယ်စပါး) ၁၂၄၂၆ ဧက၊ ယာစပါး၊ တောင်ယာစပါးနှင့် ယာသီးနှံ ၃၈၆၀၅ ဧက ဖြစ်သည်။ မိုင်းရယ်မြို့နယ်ရှိ ဒေသခံပြည်သူများသည် မိုးစပါး၊ တောင်ယာစပါးကို အဓိကထားစိုက်ပျိုးကြပြီး ဒုတိယအများဆုံးစိုက်ပျိုးသည့် သီးနှံမှာ အစေ့ထုတ်ပြောင်းဖြစ်သည်။ ယခုနှစ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၇၆၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ မျိုးပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိစေရန် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ သွင်းအားစု ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ ဖြန့်ဖြူးပေးခြင်း၊ သီးနှံအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအား အတုယူစိုက်ပျိုးလာစေရန် လယ်စပါး၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်သီးနှံများကို စံပြကွက်များ စိုက်ပျိုး၍ ကွင်းဆင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ပြောင်းလဲလာသော ရာသီဥတုအလိုက် လိုက်လျောညီထွေမှုရှိမည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး မျိုးသစ်စမ်းသပ်ကွက်များ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ စိုက်ပျိုးချိန်စမ်းသပ်ကွက်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စံပြကွက်၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြသသည့်အပြင် သီးနှံအလိုက် အထွက်နှုန်းတိုးစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းများ၊ ပုလဲဓာတ်မြေဩဇာ အကျိုးရှိစွာသုံးစွဲနည်း၊ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ ကိုင်တွယ်သုံးစွဲနည်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သင်တန်း/ဆွေးနွေးပွဲများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

မိုးသီးနှံစိုက်ခင်းများ ပိုးမွှားရောဂါကျရောက်ပျက်စီးမှုမရှိစေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက ကျေးရွာအုပ်စု၊ ကျေးရွာရှိ သီးနှံစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးပြီး တောင်သူတစ်ဦးချင်းကို ပညာပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်နည်းစနစ်များ ရှင်းလင်းပြသခြင်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ICT နည်းပညာများဖြင့် သတင်းအချက်အလက်များ ပေးပို့ခြင်း၊ နည်းပညာများဖြန့်ဖြူးပေးခြင်း၊ တောင်သူများ သိလိုသည့်အချက်များအား ဖြေရှင်းပေးခြင်း စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇင်ထိုက်(မိုင်းရယ်)

## မအူပင်မြို့၌ ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေး



**မအူပင် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးစိုးအောင်က အဖွင့်မိတ်ဆက်စကား ပြောကြားပြီး မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန တလုပ်လှ ငါးမွေးမြူရေးစခန်း တာဝန်ခံ ဒေါ်အေးအေးမင်းက ငါးမွေးမြူရေးနှင့် ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုစနစ် (GAQP) သရုပ်ပြ ငါးလုပ်ငန်းအကြောင်းနှင့် ငါးမွေးမြူရာတွင် သိသင့်သိထိုက်သည့် မွေးမြူရေးလုပ်ငန်းဆိုင်ရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မအူပင်မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြစိုးက ငါးမွေးမြူခြင်း၊ ရောင်းချခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်နိုင်၊
အောင်မြင့်မြတ်(မအူပင်)

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

### လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး / ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09-889911155 |
| ၂ | ကချင်ပြည်နယ် | 09-661015555 |
| ၃ | ကယားပြည်နယ် | 09-889900022 |
| ၄ | ကရင်ပြည်နယ် | 09-889900033 |
| ၅ | ချင်းပြည်နယ် | 09-980000104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09-889900055 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09-661065555 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09-889900077 |
| ၉ | မကွေးတိုင်းဒေသကြီး | 09-889900088 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09-889900099 |
| ၁၁ | မွန်ပြည်နယ် | 09-889911177 |
| ၁၂ | ရခိုင်ပြည်နယ် | 09-889911188 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09-661125555 |
| ၁၄ | ရှမ်းပြည်နယ် | 09-889911133 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09-661145555 |

## ကျောက်မဲမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်



**ကျောက်မဲ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ စက်တင်ဘာ ၁၉ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောက်မဲမြို့ အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ အချို့နေအိမ်များ အိမ်တစ်ဝက်နီးပါးအထိပင် နစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောက်မဲမြို့ အနိမ့်ပိုင်းရပ်ကွက်များရှိ လူနေအိမ်များ ရေကျော်နစ်မြုပ်မှုများဖြစ်ပွားနေ၍ ကျောက်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက ချက်ပြုတ်စားသောက်ရန် အခက်အခဲကြုံတွေ့နေရသည့် နေအိမ်များမှ ပြည်သူများအတွက် ထမင်းဘူးများ ယနေ့ လိုက်လံလှူဒါန်းပေးကြကြောင်း သိရသည်။

၂၁၀

## မြင်းမူမြို့၌ တစ်နိုင်တစ်ပိုင် မှိုစိုက်ပျိုးခြင်း လက်တွေ့ပြသ

**မြင်းမူ စက်တင်ဘာ ၂၀**

မိရိုးဖလာလယ်ယာလုပ်ငန်းအပြင် မိသားစုတစ်နိုင်တစ်ပိုင် အလွယ်တကူစိုက်ပျိုးနိုင်ပြီး ဝင်ငွေရရှိနိုင်သည့် ကောက်ရိုးမှိုစိုက်ပျိုးမှု လက်တွေ့ပြသဆောင်ရွက်ခြင်းကို မြင်းမူမြို့နယ် ပဲကူကျေးရွာ၌ ယနေ့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းပြသခဲ့ကြောင်း သိရသည်။

ကောက်ရိုးမှိုပြုလုပ်ရန် ကောက်ရိုး(သို့) ဂျုပ်စက္ကူ ၁၀ ပိဿာ၊ အလျား ၁၃ ပေ ၆ လက်မ၊ အနံ ၄ ပေ ၆ လက်မ ပေါင်ပြုလုပ်ပြီး ပေါင်ဘေးပတ်လည်တွင် အနက် သုံးလက်မ၊ အကျယ် သုံးလက်မ ရေမြောင်းထားရှိပေးရန် လိုအပ်ကြောင်း၊ အခြားလိုအပ်သည့် နွားချေး၊ မှိုမျိုးစေ့ထုပ်၊ အမိုးအကာပြုလုပ်ရန် ပလတ်စတစ်စ၊ ဆန်ဖွဲနု၊ ခြဆေးနှင့် ကြက်ချေးများ သတ်မှတ်ထားသည့်အတိုင်း စုဆောင်းထားရှိပြီး လက်တွေ့ပြသပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးပြီး ၁၅ ရက်အကြာတွင် ရောင်းတမ်းဝင်မှိုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်သဲသဲအောင်က ပြောသည်။

အထက်ပါကောက်ရိုးမှို(သို့) ဂျုပ်မှိုပြုလုပ်ရာတွင် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၁၂၀၀၀ ခန့်သာ ကုန်ကျမည်မည်ဖြစ်ပြီး တစ်ပေါင်စိုက်ပျိုးပါက မှို ၁၀ ပိဿာခန့် ထွက်ရှိနိုင်ကြောင်း၊ ယခုအခါ မှိုတစ်ပိဿာဈေးမှာ ငွေကျပ် ၅၀၀၀ ကျော်ရှိသည့်အတွက် ငွေကျပ် ၅၀၀၀၀ ခန့် အကျိုးအမြတ်ရရှိနိုင်ကြောင်း သိရသည်။

အောင်စိုးဖေ(မြင်းမူ)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

# တိုးတက်လိုသူများ

ပီမိုးနင်း

လူဟူသမျှမှာ သဘာဝနှစ်မျိုးစီရှိ၏။ တစ်မျိုးက တိုးစေ၊ တက်စေသောသဘာဝဖြစ်၍ ကျန်တစ်မျိုးကား မတိုးမတက်ရအောင် ချုပ်ချယ်သောသဘာဝတည်း။

ထိုသဘာဝနှစ်မျိုးအနက် လေ့ကျင့်ရာသဘာဝသည် လူ၏စိတ်နှင့် လူ၏ကိုယ်ကို လွှမ်းမိုးစေလျက် နောက်ဆုံး၌ အဘယ်ကဲ့သို့သောသူဖြစ်ရမည်ကို စီမံပြဋ္ဌာန်းလေသည်။

ထိုသဘာဝနှစ်မျိုးသည် လူ၏သန္တာန်၌ စစ်ပြိုင်၍နေ၏။ သူကနိုင်မည်၊ ငါကနိုင်မည်ဟု အားဆင်လျက်နေ၏။ သို့သော်လည်း လူကိုယ်တိုင်က အားပေးမှသာ အနိုင်ရနိုင်လေရာ လူသည် အဘယ်သဘာဝကို အားပေးလေ့ရှိပါသနည်းဟု လောကကြီးတစ်ခုလုံးမှာကြည့်လျှင် အများအားဖြင့် လူသာမန်တို့သည် အသက်နှင့်သဘာဝကို အားပေးကြသူများဖြစ်ကြောင်း တွေ့ရှိနိုင်လေသည်။ အကြောင်းမူကား ထိုသဘာဝနှစ်မျိုးကို အတက်၊ အသက်ဟု ခေါ်ဆိုနိုင်လေသည်။

တစ်သက်လုံးပြေးလျက်၊ တက်လျက်နေသော လူဖျင်း၊ လူနွေး၊ လူပေ့ါ၊ လူအေးတစ်ယောက်သည် ရုတ်တရက်ချက်ချင်း အကြောင်းတစ်ခုခုကြောင့် အသိတရားရပြီးလျှင် မိမိကိုယ်မိမိ ပြောင်းလဲကာ အတက်သမားဖြစ်အောင် လုပ်နိုင်လေသည်။ ထိုအခါ ရှေးအခါကမလုပ်ဖူး၊ မကြံဖူးသေးသောအရာများကို လုပ်ကိုင်ကြံစည်ကာ အံ့ဖွယ်ဖြစ်လောက်အောင် အောင်မြင်တိုးတက်လာနိုင်လေသည်။

စာဖတ်သူသည် ဤကဲ့သို့သော လူမျိုးဖြစ်လိုက ယခုပင် တစ်ထိုင်တည်းမှာ ပြုပြင်ပြောင်းလဲနိုင်လေသည်။ အကြောင်းမူကား မည်သူ့မှာမဆို ပြုပြင်ပြောင်းလဲနိုင်သော သတ္တိရှိလေသည်။ ထိုသတ္တိသည် လူတိုင်းမှာရှိ၏။ ထိုသတ္တိမရှိက လူမဟုတ်။ အဟိတ်တိရစ္ဆာန်မျိုးတွင် အပါအဝင်ဖြစ်လေသည်။

အဟိတ်တိရစ္ဆာန်များမှာ မွေးစကတည်းက မပြောင်းမလဲနိုင်အောင် အသေလုပ်၍ထားသော စက်ရုပ်လိုဖြစ်၍လာကြရာ ဟင်းစားကြက်သည် ကြက်ကောင်းမဖြစ်နိုင်။ ကြက်ကောင်းသည်လည်း ဟင်းစားကြက်မဖြစ်နိုင်ပေ။ ရထားမြင်းသည် အဘယ်အခါမှ ဒုန်းမြင်းအဖြစ်သို့မရောက်။ ဒုန်းမြင်းသည် ရထားမြင်းအဖြစ်သို့ မဆင်းသက်နိုင်ပေ။ လူမှာမူကား ထိုကဲ့သို့မဟုတ်။ ပြောင်းလဲနိုင်သောလွတ်လပ်ခြင်းသဘောကို မည်သူမဆို ရရှိလေသည်။

လူကောင်းသည် တစ်နည်းနည်းဖြင့် ဖောက်ပြန်ပြောင်းလဲကာ လူဆိုးဖြစ်နိုင်၏။ လူဆိုးသည် အကြောင်းတစ်ခုခုကြောင့် သံဝေဂရပြီး ရုတ်တရက်ချက်ချင်း လူကောင်းဖြစ်နိုင်လေသည်။

အသင်သည် ထိုကဲ့သို့သောလူမျိုးဖြစ်နိုင်လေသည်။ အသင်သည် အဘယ်မျှပင်ညံ့ဖျင်း၍ လူအောက်ကျခဲ့သူဖြစ်သော်လည်း အိပ်ပျော်ရာမှ နိုးသူအလား လူဟောင်းပျောက်၍ လူသစ်ဖြစ်နိုင်၏။ အသင်၏အတွင်းသဏ္ဌာန်၌ အနှစ်သာရအမြုတေရှိ၏။ မသုံးဘဲထားသောကြောင့်သာ ငုပ်၍နေလေသည်။ ဤစကားကိုမယုံလျှင် ပြုပြင်၍ကြည့်။ တစ်နာရီပြုပြင်ရလျှင် တစ်ရက်ပြုပြင်၍ရ၏။ တစ်ရက်ပြုပြင်၍ရလျှင် တစ်လပြုပြင်၍ရ၏။ တစ်လပြုပြင်၍ရလျှင် တစ်နှစ်ပြုပြင်၍ရ၏။ တစ်နှစ်ပြုပြင်၍ရလျှင် အဘယ်အတွက် တစ်သက်လုံးပြုပြင်၍ မရအပ်ပါသနည်း။ သို့ဖြစ်လေရာ အသင့်ကိုယ်ကို နေ့စဉ်နေ့တိုင်း "ထပါ၊ ကြွပါ မအဝှာကလေးရယ်က" ဟူသောတေးတို့ဖြင့် နှိုးဆွကာ ကလိပေးရန်လိုလေသည်။

**လမ်းအခွင့်သည် နေရာအရပ်တိုင်းမှာရှိ၏။ ရှေးဦးပထမ ဆန္ဒ၊ ထို့နောက် အလုပ်၊ ဤကား ကြီးပွားအောင်မြင်ခြင်း၏အုတ်မြစ်အခြေပေတည်း။ မည်သူမဆို အတတ်နှစ်မျိုး၊ သုံးမျိုးကို ကျင်လည်စွာတတ်နိုင်၏။ ဟိုကွေ့မှာဟိုဘက်၊ ဤကွေ့မှာ ဤဘက်ရောက်ရာမှ မိမိဉာဏ်၊ မိမိ၏လက်ကို အသုံးပြုနိုင်သူဖြစ်ရမည်။ အချို့က အတတ်များလျှင် ဆင်းရဲတတ်သည်ဟု ပြောကြ၏။ ယခုခေတ်မှာ အလုပ်ရလွယ်၏။ ရသောအလုပ်ကို စွဲမြဲစွာလုပ်ဖို့သာ လိုလေသည်။ အတတ်ပညာတို့သည် တစ်မျိုးနှင့်တစ်မျိုး တစ်နည်းနည်းအားဖြင့် ဆက်သွယ်၍နေရာ တစ်မျိုးကိုလုပ်ရာ၌ အခြားတစ်မျိုး၏အကူအညီကိုရသောသူမှာ မရသောသူထက် ကြီးပွားဖို့လမ်းများလေသည်**

မထမကြွသမျှ အသင်သည် ယောက်ျားမဟုတ်။ ယောက်ျားမှသာ ထနိုင်ကြွနိုင်၏။ မထနိုင်မကြွနိုင်လျှင် ယောက်ျားမဟုတ်။ မအဝှာနတ်ကညာကလေးသာ ဖြစ်ရရှာပေလိမ့်မည်။

လောက၌ မတ်မတ်မားမားထောင်နိုင်သူ မဟုတ်သမျှ လူပြား၊ လူပျော့၊ လူငည့်ောက်မျိုးသာဖြစ်ဖို့ရှိလေသည်။ ရှက်ဖွယ်မကောင်းပေလော။

အသင်အားလည်း လဲလျောင်းကာ မြေမှာပြားကပ်၍ နေရာမှဆွဲ၍ထူနိုင်သောသူသည် အသင်ပင်ဖြစ်၏။ အခြားဂြိုဟ်၊ အခြားနတ်လာ၍မထူ။ အသင်ကိုယ်တိုင် အားယူ၍ထမှ ကြွနိုင်လေသည်။

ကျွန်ုပ်တို့၏ အတွင်းသဏ္ဌာန်၌ နတ်နှင့်တူသော သဘာဝနှင့် တိရစ္ဆာန်၊ ပြိတ္တာနှင့်တူသော သဘာဝနှစ်မျိုးရှိရာ အကျွန်ုပ်တို့ အခွင့်ပေးရာသဘာဝတို့သည် ကျွန်ုပ်တို့ကို အစိုးရမြဲဖြစ်လေသည်။ နတ်ကို အခွင့်ပေးမလား၊ ပြိတ္တာကို အခွင့်ပေးမလားဟု မိမိကိုယ်ကို နေ့စဉ်မေးကြပါကုန်။

အသင်မလုပ်ချင်သောအရာကို မည်သူကမျှ အတင်းလုပ်ရမည်ဟု အဓမ္မမပြုနိုင်ပေ။ အသင် လုပ်ချင်ရာကို လုပ်နိုင်၏။

မျိုးရိုးဇာတိဟူသောစကားရှိ၏။ "သည်ပုတ်ထဲက သည်ပဲ" ဟူသောစကားသည် မပြောင်းမလဲနိုင်သော ပရမတ္ထသဘောတရားမဟုတ်ကြောင်း ရာဇဝင်၌ ထင်ပေါ်ကျော်ကြားသူများ၏မျိုးရိုးကို ထောက်ချင့်၍ သိရပေ၏။

အလွန်ကြီးကျယ်သောမျိုးရိုးသည် "ချောင်းရိုးမြောင်းရိုး" ပမာ တိမ်ကောနိုင်သလို သိမ်ငယ်သောမျိုးရိုးသည်လည်း မြေပြင်မှ တောင်ပို့ပေါက်သလို ထွက်ပေါ်နိုင်လေသည်။ စိန်ကျောက်ရတနာတို့သည် စိန်ကျောက်ရတနာမှမထွက်၊ မြေမှထွက်သကဲ့သို့တည်း။

အသင်၏မျိုးရိုးသည် အဘယ်မျှပင်သိမ်ငယ်စေကာမူ အသင်ကြီးကျယ်နိုင်၏။ အသင်၏ဇာတိမှာ ဗေဒင်ဆရာက အဘယ်မျှပင် အောက်တန်းချ၍ ဟောစေကာမူ ဥစ်, ကသစ်မရ၊ နိစ်, ပြတွေ အဘယ်မျှပင် ဖိစီးစေကာမူ အားငယ်စရာမရှိ။ အသင်၏စိတ်သာ ပဓာနဖြစ်လေသည်။

များစွာသောသူတို့မှာ ဗေဒင်ကိုမေးကြပြီးနောက် ဗေဒင်ဆရာ၏ ဟောကိန်းနှင့်ညီအောင် ကျင့်တတ်ကြလေသည်။ ဗေဒင်က အညံ့စားဟု ဟောခြင်းကြောင့် မိမိကိုယ်ကို အညံ့စားဖြစ်အောင် လုပ်တတ်ကြလေသည်။

အလေ့အကျင့်သည်လည်း ထို့အတူဖြစ်၏။ အဘယ်မျှပင်ဆိုးသောအလေ့အကျင့် ဖြစ်စေကာမူ ကိုယ်ခန္ဓာ၌ ငြိတွယ်သောရောဂါကဲ့သို့ စိတ်တည်းဟူသောဆေးဖြင့် ပပျောက်အောင်ကုသနိုင်လေသည်။

ထိုဆေးသည်ကား အခြားမဟုတ်ပေ။ "ငါဟဲ့... ယောက်ျား" (I Will) ခေါ်သော ဆေးဖြစ်လေသည်။

သို့ဖြစ်လေရာ ငါ...ငါ...ငါ ဟူ၍ ဆင်ခြင်ကာ ငါလုပ်မယ်၊ ငါဖြစ်နိုင်တယ်၊ ငါ့မှာ ဘာမဆိုဖြစ်အောင် လုပ်နိုင်သောအစွမ်းသတ္တိရှိတယ်ဟူ၍ အိပ်ရာဝင်သည့်အခါတိုင်း ပုတီးအလုံး အစိတ်သုံးဆယ်ခန့် စိတ်မပျံ့မလွင့်ဘဲ စူးစိုက်ဆင်ခြင်နိုင်သောအလေ့ကို ပြုရမည်။ ထိုကဲ့သို့ စူးစိုက်နိုင်သောသတ္တိကို ရရှိသောအခါ၌ အသင်၏စိတ်အားတန်ခိုးသည် အလိုလို တိုးတက်၍ လာပါလိမ့်မည်။ နံနက်တိုင်း၊ ညတိုင်း စိတ်မပျံ့မလွင့်ဘဲ ရွတ်ဆိုနိုင်ခြင်းသည် ပေ့ါသောအလုပ်၊ လွယ်သောအလုပ်မဟုတ်ပေ။ ထိုအလုပ်ကို မှန်မှန်လုပ်နိုင်ခြင်းပင်လျှင် သတ္တိတန်ခိုးဖြစ်လေသည်။ မလွယ်သော်လည်း မဖြစ်နိုင်သောအလုပ်မဟုတ်။ အသင်၏စိတ်သာ ပဓာနဖြစ်လေသည်။

စိတ်ထဲ၌ မဖြစ်နိုင်ဘူး၊ ခက်သည်ဟူသော အတွေးအထင်မျိုးကို အဘယ်အခါမျှ ပေါ်ပေါက်ရန် အခွင့်မပေးအပ်ပေ။ လွယ်သည်။ ငါလုပ်လျှင် ဘာမဆိုဖြစ်တာပဲဟူသောစိတ်ကို အမြဲဆောင်၍ထားက အလိုလိုသတ္တိတုံးကြီး ဖြစ်၍လာနိုင်လေသည်။ လူသည် တွေးကြံသလိုဖြစ်၏။ ဤစကားသည် မလွဲနိုင်သောစကားဖြစ်၏။ အတွေးပျော့လျှင် သတ္တိတန်ခိုးပျော့၏။ အတွေးမာလျှင် သတ္တိတန်ခိုး တိုးတက်ရလေသည်။

Opportunity Knocks at our door "လမ်းအခွင့်သည် ကျွန်ုပ်တို့၏ အခန်းတံခါးကို လာ၍ခေါက်၏" ဟူသောစကားသည် မဟုတ်မမှန်ပေ။ လမ်းအခွင့်သည် ရေစီးသလို၊ ငှက်ပျံသလို သွားလျက်နေကြရာ လူသည် ပွင့်လင်းသော ဉာဏ်မျက်စိမြင်လျှင် မိအောင်ဖမ်းမည်ဟူသော နိုးကြားသောစိတ်၊ စုံလင်သောလက်နက်ကိရိယာများနှင့် စောင့်၍ဖမ်းရ၏။ လိုက်၍သော်လည်းကောင်း ရှာရလေသည်။

လက်နက်ဆိုသည်မှာ အခြားမဟုတ်။ ဆိုင်ရာအတတ်ပညာမျိုးကို တတ်ခြင်း၊ နည်းလမ်းစနစ်ကို နားလည်ခြင်းဖြစ်လေသည်။ အင်ဂျင်နီယာအတတ်ကို ကုန်စင်အောင်တတ်၍ထားမှသာ အင်ဂျင်နီယာနှင့်ဆိုင်သော လမ်းအခွင့်တို့ကို ဖြစ်နိုင်၏။ အရောင်းအဝယ်အတတ်ကို ကုန်စင်အောင်တတ်မှသာ ရောင်းဖို့ရန် လမ်းအခွင့်များကို မြင်လွယ်၏။ ကန်ထရိုက်အလုပ်နှင့်ဆိုင်သမျှ အကုန်အစင်တတ်မှသာ ကန်ထရိုက်အလုပ်ဖြင့် ကြီးပွားနိုင်သော လမ်းအခွင့်တို့ကို တွေ့မြင်နိုင်လေသည်။

ယခုခေတ်သည် အပြိုင်များသောခေတ်ဖြစ်လေရာ အမြင်မြန်သူ၊ အဖမ်းမြန်သူများ ပိုမို၍ကြီးပွား၏။ ဖင့်နွှေးသူ စိတ်ကူးခိုက်မှာ လျင်မြန်သူ လုပ်၍ပြီး၏။ လုပ်၍ပြီးသူက အောင်မြင်ခြင်းကို ရှေးဦးစွာရ၍ ပိုမိုတိုးတက်မြဲဖြစ်လေသည်။

"အကြံကောင်းတစ်ချက်" ဟူသော စကားမဟုတ်ပေ။ အကြံမှာ အလုပ်မြန်ဖို့ လိုလေသည်။ ယခုခေတ်သည် ခေတ်မြန်ဖြစ်လေသည်။

အလုပ်တစ်ခုခုလုပ်လျှင် ထိုအလုပ်နှင့် ပတ်သက်၍ မိစရာ၊ မှတ်စရာနည်းလမ်းရှိသမျှတို့ကို သင်ကြားမှတ်သားရှာကြံရ၏။ သို့မရှာမကြံက အသိပိုသူတွေ စား၍ကြွင်းကျန်မှသာ စားရပေလိမ့်မည်။

ဤစာကို အသင်ဖတ်ရုံမျှနှင့် ကြီးပွားမည်မဟုတ်ပေ။ ဖတ်ပြီးစဉ်းစားပါ။ စဉ်းစားပြီးလုပ်ပါ။ သို့မှသာကြီးပွားနိုင်၏။

ဘာကိုလုပ်ရမလဲဟု မေးသောစိတ်ကို စာရေးသူ သိ၏။ စဉ်းစားကြည့်လျှင် ဘာကိုလုပ်ရမလဲ ဟူသောအချက်ပေါ်၍လာလိမ့်မည်။ ဘာကိုလုပ်ရမလဲဟူသောအသိကို အသင်မရက အခြားသူ တစ်ဦးဦးရလိမ့်မည်။ ရဲရင့်သောစိတ်သည် လမ်းအခွင့်ကို သိလွယ်၊ မြင်လွယ်၊ တွေ့လွယ်လေသည်။

"ဒီအလုပ် ငါနဲ့အကျိုးမပေးဘူး၊ ငါ ဒီအလုပ်ကို ကောင်းကောင်းတတ်တယ်။ ဗေဒင်က အင်္ဂါနံ အလုပ်ကို လုပ်ရမယ်ဟောတယ်" ဟူသောအစွဲမျိုးကို ဖြုတ်ကြရမည်။ ထိုအစွဲမျိုးသည် မြန်မာလူမျိုးတစ်ရာလျှင် ရှစ်ဆယ်ခန့်ကို ခရီးမပေါက်အောင် ထူးခတ်၍ထား၏။ အလုပ်သည် ဂြိုဟ်၊ နက္ခတ်နှင့်မဆိုင်၊ ဝါသနာနှင့်ဆိုင်လေသည်။

လမ်းအခွင့်သည် နေရာအရပ်တိုင်းမှာရှိ၏။ ရှေးဦးပထမ ဆန္ဒ၊ ထို့နောက် အလုပ်၊ ဤကား ကြီးပွားအောင်မြင်ခြင်း၏ အုတ်မြစ်အခြေပေတည်း။ မည်သူမဆို အတတ်နှစ်မျိုး၊ သုံးမျိုးကို ကျင်လည်စွာတတ်နိုင်၏။ ဟိုကွေ့မှာဟိုဘက်၊ ဤကွေ့မှာ ဤဘက်ရောက်ရာမှ မိမိဉာဏ်၊ မိမိ၏လက်ကို အသုံးပြုနိုင်သူဖြစ်ရမည်။ အချို့က အတတ်များလျှင် ဆင်းရဲတတ်သည်ဟု ပြောကြ၏။ ယခုခေတ်မှာ အလုပ်ရလွယ်၏။ ရသောအလုပ်ကို စွဲမြဲစွာလုပ်ဖို့သာလိုလေသည်။ အတတ်ပညာတို့သည် တစ်မျိုးနှင့်တစ်မျိုး တစ်နည်းနည်းအားဖြင့် ဆက်သွယ်၍နေရာ တစ်မျိုးကို လုပ်ရာ၌ အခြားတစ်မျိုး၏ အကူအညီကို ရသောသူမှာ မရသောသူထက် ကြီးပွားဖို့လမ်းများလေသည်။

မော်တော်ကားပြင်တတ်သူမှာ လျှပ်စစ်အတတ်ကိုတတ်လျှင် အကူအညီကို ပိုမို၍ရနိုင်၏။ ပန်းပဲအတတ်ကိုတတ်လျှင် အခြားမတတ်သူများထက် အသုံးဝင်နိုင်လေသည်။ အတတ်များရမည်။ အလုပ်တစ်ခုခုမှာ မြဲရမည်။ အတတ်များ၍ ပျက်စီးသူများမှာ မာနထောင်လွှားစကားမခံ။ ငါ့မှာ အတောင်ပံစုံသည်ဟု ပုန်ကန်တတ်သူများသာ ပြောင်းလဲရင်းငတ်တတ်လေသည်။

စာမျက်နှာ ၂၀ သို့ ❂

❂ စာမျက်နှာ ၁၉ မှ

မိမိလုပ်သောအလုပ်၌ သိစရာရှိသမျှ၊ တတ်စရာရှိသမျှကို အကုန်တတ်အောင် ကြိုးစားလျက် ငါအဘယ်လောက်မျှ နည်းစွာလုပ်မည်ဟူသောစိတ်ကိုမထား။ ငါအဘယ်လောက် များနိုင်သမျှ များစွာလုပ်ရပေ့မလဲဟူ၍ အချက်အလက်ကို မျက်စိရှင်ရှင်နှင့်ကြည့်သောသူမှာ အကြီးအကဲအဖြစ်ကို ရောက်နိုင်လေသည်။

ယခု နီးကပ်၍လာသောခေတ်သည် အတတ်ပညာခေတ်ကြီးဖြစ်၏။ အတတ်ပညာ၌ တစ်ပါးသူ၏အကျိုးကို အခစားအဖြစ်နှင့် ဆောင်ရွက်နိုင်မှသာ ကိုယ်ပိုင်သခင်အဖြစ်ကို ရောက်ကြရပေလိမ့်မည်။ သို့ဖြစ်လေရာ ကြီးပွားလိုသူမှန်က ခေတ်ကာလဆိုင်ရာ အတတ်တို့ကို သင်ကြားရာ၏။ သို့သင်ကြားရာ၌ မိမိအထူးတတ်မြောက်သောအတတ်နှင့်နီးစပ် သည့်အဆွယ်အမြောင် အတတ်နှစ်မျိုး၊ သုံးမျိုးကို အကူအညီရအောင် သင်ရလေသည်။

လူမျိုး၏ကြီးပွားခြင်းသည် အတတ်ပညာ၌ တည်၏။ ကမ္ဘာကြီးတစ်ဝန်းလုံးမှာ ငွေကြေးကျပ်သည့်အခါ ဂျပန်လူမျိုးများ၌ မကျပ်သည်မှာ အတတ်ပညာ၏ အစွမ်းကြောင့်ဖြစ်လေသည်။

လောက၌ ကြီးပွား၍နေသူဟူသမျှသည် ဉာဏ်ကြီးသူများ မဟုတ်။ တစ်ခုခုကို စူးစိုက်စွဲမြဲစွာလုပ်သဖြင့် ထိုအလုပ်များနှင့် ပတ်သက်သမျှကို ကျွမ်းကျင်နားလည်၍နေသောသူများ ဖြစ်ကြလေသည်။

သို့သော်လည်း ကြီးပွားအောင်မြင်သည့်သူမှာ အောင်မြင်ဖို့ အချက်အလက်တွေကို အမြဲရှုကြည့် မျှော်လင့်ထင်မြင်လေ့ရှိ၏။ ပျက်မည့်သူမှာ အပျက်ကိုသာထင်မြင်လျက် နေရာမကျပါဘူး၊ မဖြစ်ပါဘူး။ ဘယ်သူတွေလုပ်သွားတာ လိမ့်သွားပါပကော။ ဘယ်အတွက်ဖြင့် မွဲသွားတာပဲဟူသောစကားမျိုးကို ပြောတတ်လေသည်။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်နှင့် ပါးရည်နပ်ရည်ရှိလျက် လူသာမည အနိမ့်စားဖြစ်၍နေသူတွေ များစွာရှိကြသည်မှာ ထိုအပျက်စိတ်မျိုးတွေကြောင့် ဖြစ်ကြလေသည်။

သို့ဖြစ်လေရာ မည်သူမဆိုလစဉ်လတိုင်း မိမိကိုယ်ကို စစ်ဆေးလျက် ငါအရင်လကထက် ယခုလဘာများတိုးသလဲဟု မိမိကိုယ်ကို ဆင်ခြင်ကာ မတိုးလျှင် အဘယ်အတွက်ဟူသော အကြောင်းရင်းကို ရှာဖွေပြီး မိမိကိုယ်ကို "ထပါ၊ ကြွပါ၊ မအဂ္ဂါကလေးရဲ့" ဟူသောတေးဖြင့် မအဂ္ဂါအပျော့စားအဖြစ်မှ ကိုအဂ္ဂါအမာစားဖြစ်လျက် ပြောင်အောင်တောက်အောင် ကြိုးစားအပ်လှပေသည်။ အကြောင်းမူကား ကစရာ၊ ပြစရာ အလုပ်တွေ တစ်နေ့တခြားများ၍လာသော ခေတ်ကြီးဖြစ်ပေသောကြောင့်တည်း။ ။

## ဆန်၊ ဆီနှင့် ကြက်ဥများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ဆန်၊ ဆီနှင့် ကြက်ဥများကို ယနေ့နံနက် ၈ နာရီက အလုံမြို့နယ် ဌာနာရပ်ကွက်နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမရှေ့၌ လာရောက်ရောင်းချကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငါးပြည်ဝင်အိတ်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၊ ပေါ်ဆန်းဆန်တစ်ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ငါးပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၊ ဆီတစ်လီတာတစ်ဘူးလျှင် ငွေကျပ် ၁၈၅၀၊ ကြက်ဥ ၁၀ လုံးတစ်ကတ်လျှင် ငွေကျပ် ၁၁၀၀ နှုန်းဖြင့်ရောင်းချပေးကြောင်း သိရပြီး ရောင်းချရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်မှတာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

## မုံရွာမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**မုံရွာ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ မုံရွာမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် သောက်သုံးရေသန့် ရရှိရေးများဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဆွေးနွေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကွေ့ကြီးရပ်ကွက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ နိုင်လွန်ကတ္တရာစက်ရုံသို့ သွားရောက်ကြည့်ရှုသည်။

### ပေါင်းစပ်ဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထန်းတောရပ်ကွက်ရှိ အောင်မဟာလမ်း အရှည် ၅၄၈၈ ပေ၊ အကျယ် ၂၂ ပေ၊ သုံးလက်မခွဲဒု နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု၊ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနရုံးရှေ့ လမ်းအရှည် ၃၉၂ ပေ၊ အကျယ် ၁၈ ပေ၊ ကိုးလက်မဒု ကွန်ကရစ်လမ်းခင်းကျင်းနေမှုနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာရုံးများ ပတ်ဝန်းကျင်ရှိ လမ်း ၂၂ လမ်းအား အကျယ် ၁၆ ပေ၊ ကိုးလက်မဒု ကွန်ကရစ်လမ်းခင်းကျင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သလ္လာဝတီရပ်ကွက်ရှိ Aqua Pura Co,Ltd နှင့်ပူးပေါင်း၍ B.O.T စနစ်ဖြင့် အကျိုးတူသောက်သုံးရေသန့်ပေးဝေရေးစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ရေပေးဝေရေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မုံရွာမြို့အတွင်း သောက်သုံးရေသန့် ပေးဝေနေမှုသည် ချင်းတွင်းမြစ်မှ ရေတင်၍ ရေသန့်စင်စနစ်ဖြင့် အဆင့်ဆင့်သန့်စင်ပြီး မုံရွာမြို့ပေါ်ရှိ ရပ်ကွက် ၁၈ ရပ်ကွက်၊ အိမ်ခြေ ၁၀၂၇၇ အိမ်အား သောက်သုံးရေသန့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများ မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဝင်ရောက်



**မြဝတီ စက်တင်ဘာ ၂၀**

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၆ ဦး ဆက်လက်ဝင်ရောက်ခဲ့သည်။

အဆိုပါ ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများကို အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများအား ယခင်က မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့မှ နေရပ်ပြန်များကိုသာ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးရာမှ ယခုအခါ ပြန်လာသူအားလုံးအား စစ်ဆေးပေးကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ်ကိုဗစ်စင်တာနှင့် ရွှေမြဝတီ ကိုဗစ်စင်တာတို့တွင် ကုသမှုခံယူစေမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၁၀၊ အမျိုးသမီး ၉၆ ဦး စုစုပေါင်း ၂၀၆ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ဆဒ္ဒန်ဆည်ရေလှောင်တမံနှင့် စွန်ဆည်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်

**မြို့သစ် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးတွင်အသုံးပြုနေသည့် ဆဒ္ဒန်ဆည်ရေလှောင်တမံနှင့် စွန်ဆည်ရေလှောင်တမံသည် ယနေ့နံနက်ပိုင်းတွင် ရေပြည့်အမှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၁၀ ပေဖြစ်၍ ရေပြည့်အမှတ်ထက် သုည ဒသမ တစ်ပေခန့် ရေကျော်ကျလျက်ရှိကာ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၅၆၀ ဒသမ ၅၀ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၁ ဒသမ ၃၀ ပေရှိသဖြင့် ရေပြည့်အမှတ်ထက် သုည ဒသမ ရှစ်ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

### အစိမ်းရောင်အလံစိုက်ထူ

ဆည်များ၏ ရေပိုလွှဲမှရေကျော်ကျမှုကြောင့် ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆည်အနီးအနားရှိ ကျေးရွာများတွင် အရေးပေါ်အခြေအနေအဆင့် (၁) အဖြစ် အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးနှိုးဆော်ထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။

**ဝင်းအိဇွန် (ပြန်/ဆက်)**



# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး




**နေပြည်တော်**

နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ယနေ့တွင် ရေဆင်းတိုက်နယ်ဆေးရုံနှင့် ပြည်စံအောင်ကျေးလက်ကျန်းမာရေးဌာနတို့တွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ဇေယျာသီရိမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စက်တင်ဘာ ၁၅ ရက်မှစတင်၍ ဦးတည်အုပ်စုအလိုက် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထိုးနှံပေးမှုကို ဥတ္တရသီရိခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုခဲ့ရာ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဝေယံအောင်နှင့် တာဝန်ရှိသူများက ကာကွယ်ဆေးရရှိမှုနှင့် ထိုးနှံပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သံတောင်ကြီး**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ အသက် ၁၈ နှစ်အထက်နှင့် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက သံတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် သံတောင်မြို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းအောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာနေမင်းကျော်ငြိမ်းဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များက ကာကွယ်ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏတိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရှားတော**

ကယားပြည်နယ် ရှားတောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့်ပြည်သူများအား ဒုတိယအသုတ် ပထမအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁၉ ရက် နံနက်တွင် အလယ်ပိုင်းကျေးရွာအုပ်စု စလောင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ထိုးနှံပေးခဲ့သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ရှားတောမြို့နယ် စလောင်းကျေးရွာ၊ ပန်လိုကျေးရွာနှင့် နားကျိုင်းကြီးကျေးရွာတို့ရှိ ပြည်သူ ၆၅ ဦးအား ထိုးနှံပေးခဲ့ပြီး ရှားတောမြို့နယ်၌ စက်တင်ဘာ ၁၉ ရက်အထိ ဒုတိယအသုတ် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၁၉၀ ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိုးမိတ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးရသေးသော အသက် ၅၅ နှစ်နှင့် ၆၄ နှစ်ကြား ရဟန်းသံဃာများနှင့် ဒေသခံတိုင်းရင်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီခွဲမှစတင်၍ မြို့နယ်စည်ပင်သာယာခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ထိုးနှံရာတွင် ကျန်းမာရေးဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးမီ စာရင်းပေးသွင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ သွေးထဲတွင်ရှိသည့် အောက်ဆီဂျင်ပမာဏတိုင်းတာခြင်း၊ အပူချိန်တိုင်းတာခြင်းတို့ကို ဦးစွာဆောင်ရွက်ပြီး ပုံမှန်အနေအထားရှိမှသာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အားကစားခန်းမသစ်၌ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများအတွင်းရှိ အသက် ၅၅ နှစ်မှ ၆၄ နှစ်အထိ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ မသန်စွမ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို လပွတ္တာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီက လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို နေ့စဉ် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိနှင့် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ထိုးနှံပေးလျက်ရှိရာ ကျန်ရှိသည့် ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံရမည့်သူများအား ယနေ့တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ ၃၉၉၅ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ယနေ့အထိ ၂၉၀၀ ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို (ကျွန်းလှ)**




**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသည့်ပြည်သူများအား ယနေ့နံနက် ၉ နာရီက ဆေးထိုးစုရပ် ၁၀ နေရာ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သံဃာတော်များ၊ သီလရှင်များ၊ မသန်စွမ်းသူများ၊ အသက် ၅၅ နှစ်အထက်ရှိသူများနှင့် ပြည်သူများကို ဦးစားပေး သတ်မှတ်ချက်အဆင့်များအလိုက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ထိုးနှံပေးရာ ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိုက်ထွန်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးထိုးနှံနေသူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ဝဏ္ဏမောင်(ပြန်/ဆက်)**

**တောင်ကြီး**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ တောင်ကြီးမြို့နယ်အတွင်းရှိ အသက် ၅၅ နှစ်အထက် ပြည်သူများအား သတ်မှတ်အုပ်စုအလိုက် ဦးစားပေးအစီအစဉ်အတိုင်း စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ သတ်မှတ်နေရာခုနစ်ခုတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စနစ်တကျထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တောင်ကြီးမြို့နယ်အတွင်းရှိ မြို့တော်ခန်းမ၌ ၉၉၈ ဦး၊ ပြည်နယ်အားကစားရုံ၌ ၁၀၆၀၊ အေးသာယာမြို့ မြို့လယ်ဓမ္မာရုံ၌ ၅၈၅ ဦး၊ ရွှေညောင်မြို့ ရွှေညီလာခန်းမ၌ ၈၂၂ ဦး၊ ကျောက်တလုံးမြို့ အခြေခံပညာအထက်တန်းကျောင်း လုံကားတွင် ၄၅၆ ဦး၊ မိုဘိုင်း (၁) တွင် ၁၄၅ ဦး၊ မိုဘိုင်း (၂) တွင် ၄၆၀ စုစုပေါင်းသတ်မှတ်နေရာခုနစ်ခုတွင် ပြည်သူ ၄၅၂၆ ဦးတို့အား စနစ်တကျထိုးနှံပေးနေမှုများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အေးအေးစိုး(ပြန်/ဆက်)**

**ပေါင်းတည်**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကာကွယ်ဆေးမထိုးနှံရသေးသည့် ရဟန်းသံဃာတော်များ၊ အသက် ၅၅ နှစ်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါမဟုတ်သည့် နာတာရှည်ရောဂါသည်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီမှစတင်၍ သတ်မှတ်ဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံ ပေးလျက်ရှိသည်။

ထိုသို့ကာကွယ်ဆေးထိုးရာနေရာ၌ လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် အသက်အရွယ်အလိုက် အုပ်စုများခွဲကာ စနစ်တကျထိုးနှံပေးလျက်ရှိပြီး ဆေးထိုးရာနေရာတိုင်း၌ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်ရုံအလုပ်ရုံဝန်ထမ်းများနှင့် စားသောက်ဆိုင်ဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား တာမွေမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးသူ ၈၉၇၇ ဦးထိရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

**ရသေ့တောင်**




ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၉ ရက်မှစ၍ သတ်မှတ်စုရပ်များတွင် နံနက်၉နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံပေးလျက်ရှိသည်။

မြို့နယ်အတွင်း သတ်မှတ်စုရပ်များဖြစ်သည့် မြို့မစုရပ်၊ စေတီပြင် CFSI စင်တာ၊ လောင်းချောင်း RHC ၊ ကူတောင် အထကနှင့် ဘာထလေ အထကတို့တွင် ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၅၅ နှစ်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ အစိုးရ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ ကုန်စုံဆိုင်ဈေးသည်များ၊ ပုဂ္ဂလိကပို့ဆောင်ရေးဝန်ထမ်းများ စသည့်ဦးစားပေးသတ်မှတ်အုပ်စုများတွင်ပါဝင်သည့် ဒေသခံပြည်သူ ၁၆၄၂ ဦးတို့အား ထိုးနှံပေးခဲ့သည်။ **အောင်စံထွန်း (ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၃၀၉ အား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၈၅ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၉-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၇,၃၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၈၅)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၁၂၇,၆၆၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၈,၁၅၈)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၉၄၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၀,၁၆၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၁၂၉) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၀ -၉ -၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၇၆)ခု | (၄၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄)ခု | (၁၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၂)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၇)ခု | (၁၀)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၈)ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၁၂)ခု | (၁၅၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၂၃၀)ခု | (၁,၃၅၃)ဦး |
| စုစုပေါင်း | (၁၇,၃၀၉)ခု | (၁,၅၈၅)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၉၀၀၉၀၆ | ၃၂၅၀၃၉၈၅ | ၆၉၁၈၈၀ |
| ၂။ | အိန္ဒိယ | ၃၃၄၇၈၄၁၉ | ၃၂၇၁၅၁၀၅ | ၄၄၅၁၆၅ |
| ၃။ | ဘရာဇီး | ၂၁၂၃၉၇၈၃ | ၂၀၂၈၀၂၉၄ | ၅၉၀၇၈၆ |
| ၄။ | ဗြိတိန် | ၇၄၂၉၇၄၆ | ၅၉၈၁၆၈၄ | ၁၃၅၂၀၃ |
| ၅။ | ရုရှား | ၇၂၉၄၆၇၂ | ၆၅၁၀၆၇၄ | ၁၉၈၉၉၆ |
| ၆။ | ပြင်သစ် | ၆၉၅၅၃၃၃ | ၆၆၄၉၆၇၈ | ၁၁၆၀၃၀ |
| ၇။ | တူရကီ | ၆၈၄၇၂၅၉ | ၆၃၃၇၀၇၀ | ၆၁၅၇၄ |
| ၈။ | အီရန် | ၅၄၄၂၃၂ | ၄၇၉၂၁၁၇ | ၁၁၇၅၂၆ |
| ၉။ | အာဂျင်တီးနား | ၅၂၃၉၂၃၂ | ၅၀၉၆၂၈၃ | ၁၁၄၄၂၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၁၀၆၄ | ၄၇၇၉၅၅၂ | ၁၂၅၈၉၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၉၂၆၉၅ | ၃၉၉၆၁၂၅ | ၁၄၀၆၃၄ |
| ၂။ | ဖိလစ်ပိုင် | ၂၃၈၅၆၁၆ | ၂၁၇၁၈၃၂ | ၃၆၉၃၄ |
| ၃။ | မလေးရှား | ၂၀၉၇၈၃၀ | ၁၈၆၃၉၁၉ | ၂၃၄၄၃ |
| ၄။ | ထိုင်း | ၁၄၈၉၁၈၆ | ၁၃၄၁၁၄၄ | ၁၅၄၆၉ |
| ၅။ | ဗီယက်နမ် | ၆၉၅၇၄၄ | ၄၆၄၃၂၆ | ၁၇၃၀၅ |
| ၆။ | မြန်မာ | ၄၄၈၁၅၈ | ၄၀၀၁၆၈ | ၁၇၁၂၉ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၄၇၁၆ | ၉၇၇၀၀ | ၂၁၂၃ |
| ၈။ | စင်ကာပူ | ၇၇၈၀၄ | ၇၀၆၀၀ | ၆၀ |
| ၉။ | လာအို | ၁၉၃၉၉ | ၁၅၁၃၃ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၅၂၆၁ | ၃၅၇၅ | ၂၈ |



## မြိုင်မြို့နယ်၌ တစ်နာရီလျှင် လီတာ ၄၀ အိုး ငါးလုံးထွက်ရှိမည့် အောက်ဆီဂျင်စက် ရောက်ရှိ

မြိုင် စက်တင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ ဒေသခံပြည်သူများ၏ အောက်ဆီဂျင်အရေးပေါ်လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်ဆောင်ရွက်သော ZOY30 အောက်ဆီဂျင်စက်သည် စက်တင်ဘာ ၁၉ ရက်က မြိုင်မြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့သည်။

အဆိုပါ အောက်ဆီဂျင်စက်ကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းတွင် ထားရှိကာ တစ်နာရီလျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ငါးလုံးထွက်ရှိမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများနှင့် ပြည်သူများ၏ ကျန်းမာရေး အရေးပေါ်အခြေအနေများကို အလွယ်တကူ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်းနှင့် စက်တင်ဘာလကုန်တွင် အောက်ဆီဂျင် စတင်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(ပုံတောင်)

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

“ညည်းကို မေးနေတာမဟုတ်ဘူး ဟေ့၊ စကြဝဠာ တံတိုင်းအပြင်ဘက်ကို လှမ်းပြီးစကားပြောနေတာ။ တကတဲ မှပဲ သူနဲ့စကားပြောရတာ အသူရကာယ်ဘုံနဲ့ အဆက်အသွယ်လုပ်ရတာ ထက်တောင်ခက်သေး”

“ဘာပြောတယ် ဘွားဘွား”

“မိခင်ကြီး၊ ညည်းကျုပ်ကို အဲလို အကြောင်မရိုက်စမ်းနဲ့။ ဒီစာအုပ်ကို ဘယ်ကရသလဲ မှန်မှန်ပြောစမ်း”

“ဘယ်စာအုပ်လဲ”

“ဘယ်စာအုပ်ရမှာလဲ။ ဟောဒီစာအုပ်။ ညည်းဖတ်နေတဲ့စာအုပ်”

“အဲဒါကို ဝတ္ထုစာအုပ်လို့ခေါ်တယ် ဘွားဘွားရဲ့ တစ်အုပ်ကို တစ်မူးပေးရတယ်”

“သိပါတယ်။ ကျုပ်သိပါတယ်။ ဘယ်ကရသလဲလို့မေးတာ”

ခင်ခင်ကြီးသည် ဒေါသတကြီးဖြစ်နေသောဘွားဘွားကို ပြုံးကြည့်လိုက်သည်။

“ဘွားဘွား ဘယ်သူနဲ့ရန်ဖြစ်လာသလဲဟင်”

“ဘယ်သူနဲ့မှ မဖြစ်ပေါင်တော်”

“ဘွားဘွားကိုကြည့်ရတာ တစ်ယောက်ယောက်နဲ့ ရန်ဖြစ်လာသလိုပဲ”

“စကားကို ဝှေ့မပစ်နဲ့၊ မေးတာဖြေစမ်း”

“ဖြေပါ့မယ်၊ ဒီစာအုပ်ကို ကိုကိုဝယ်လာတာ”

“ခင်မောင်ညွန့်က ဒီစာအုပ်တွေ ဝယ်သတဲ့လား။ သူကော ဖတ်သတဲ့လား”

“ဒါပေါ့”

“သူနဲ့အတူတူ ပါလာတာပေါ့လေ”

“ဟုတ်ကဲ့”

ဘွားဘွားသည် စာအုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လိုက်သည်။ မျက်နှာအနေအထားမှာ ပိုမိုတင်းမာလာသည်။

“ညည်းကို တစ်ခါတည်းပြောထားလိုက်မယ် ခင်ခင်ကြီး။ နောက် ဒီစာအုပ်မျိုးတွေ ဖတ်တာတွေ့ရရင် ကျောအကွဲပဲသာမှတ်။ ဘယ်တော့မှ ဒါမျိုးမဖတ်ရဘူး”

ခင်ခင်ကြီးသည် ဘွားဘွားကို နားမလည်နိုင်သလို ကြည့်သည်။

“ဘာဖြစ်လို့လဲ ဘွားဘွားရဲ့”

“ဘာဖြစ်ရမလဲ။ ကြည့်ပါဦး ရေးထားလိုက်တဲ့ စာတွေ၊ အယုတ္တအနတ္တတွေချည်းပဲ၊ ဝတ္ထုဆိုတာ မောင်နဲ့နှမ သားနဲ့အမိ ဖတ်လို့မတော်တဲ့စာမျိုးတွေဆိုတာ မသိဘူးလား။ ဘာလဲ ခင်ခင်ကြီး ဒီစာအုပ်မျိုးတွေဖတ်ပြီး ရည်းစားစာအရေးကျင့်မလို့ပေါ့လေ”

ဘွားဘွား၏စကားကို ခင်ခင်ကြီး အမှန်ပင် နားမလည်။

“ဘာရယ် ဘွားဘွား”

“ဒီစာအုပ်မျိုးတွေက ဘာအသုံးကျသလဲ၊ ရည်းစားစာရေးဖို့ပဲ အသုံးကျတာမျိုး”

“ဒီလိုချည်းပဲတော့ မဟုတ်ပါဘူး။ အချို့ဟာတွေကျတော့ သင်ခန်းစာတွေ၊ လိုက်နာရမှာတွေ ပါပါတယ် ဘွားဘွားရဲ့”

**ခင်ခင်ကြီးသည် ယခင်က စာဖတ်သောအလေ့အကျင့်မရှိခဲ့။**
**ကျောင်းစာမှလွဲ၍ အခြားစာများကို ဖတ်ရကောင်းမှန်း မသိခဲ့။**
**ကိုကိုပြန်လာသောအခါ စာအုပ်အချို့ပါလာသည်။**
**ထိုအထဲမှ ပါးပါးနှင့် လွယ်လွယ်ဖတ်၍ရနိုင်မည့်စာအုပ်အချို့ကို ဖတ်မိသည်။**
**သည်တွင် ဝတ္ထုဆိုသည့်စာအုပ်မျိုးနှင့် ရင်းနှီးလာ . . .**

“တော်စမ်းပါအေး၊ ငရဲကျမယ့်ဟာမျိုးတွေပါ။ အကုသိုလ်ဖြစ်မယ့်ဟာတွေပါ”

“အပျင်းပြေဖတ်တာပါ”

“အပျင်းပြေဖတ်ချင်ရင်၊ ဇိနတ္ထပကာသနီတို့၊ ငါးရာ့ငါးဆယ်တို့ ဖတ်ပေါ့”

“ဟာ ပျင်းပါတယ်ဆိုမှ၊ အဲဒါတွေဖတ်ရင် ပိုပျင်းမှာပေါ့”

“အဲဒါတွေက ကျမ်းကြီးကျမ်းခိုင်တွေ၊ ဘုရားသခင့် ဖြစ်တော်ပေါင်းတွေ၊ ပျင်းစရာကောင်းတယ်ဆိုပေမဲ့ ငရဲမကြီးဘူး။ ညည်းဖတ်တဲ့ ဖေတော့မောင်တော့ ဝတ္ထုတွေက ကုသိုလ်ရတာမဟုတ်ဘူး”

“ဟာ ဘွားဘွားကလည်း အပျင်းပြေဖတ်တာပါဆိုနေမှ၊ ကုသိုလ်မရကာမှ နေရော အပျင်းပြေရင်ပြီးရောပေါ့”

“ဘာဖြစ်ဖြစ်အေး၊ ဘာစာမှမဖတ်ချင်နေ။ ဒီစာအုပ်မျိုးတွေတော့ မဖတ်ရဘူး”

ပြောပြောဆိုဆိုမှာပင် ဘွားဘွားသည် ခင်ခင်ကြီးရှေ့မှ ချာခနဲလှည့်ကာ အခန်းမှထွက်သည်။

“ဘွားဘွား”

နောက်မှခေါ်သံကြောင့် ခြေလှမ်းတုံ့သွားသည်။

“ဘာလဲ ခင်ခင်ကြီး”

“နောက်မဖတ်နဲ့ဆိုရင်တော့မှ မဖတ်ပါဘူး။ အခု စာအုပ် တစ်ဝက်တစ်ပျက်နဲ့ဆိုတော့ စမ်းတင့်ငံ့ကြီး ဖြစ်နေမှာပေါ့။ ဒီစာအုပ်တော့ ပြီးအောင်ဖတ်ပါရစေ ဘွားဘွားရယ်။ ပြန်ပေးခဲ့ပါနော် ဘွားဘွား”

“မဖတ်ရဘူးဆိုရင် မဖတ်ရဘူး။ ဘာမှ ထပ်ရှည်မနေနဲ့ ခင်ခင်ကြီး”

ခင်ခင်ကြီးသည် ခြေနှစ်ဖက်ကို ဆင်းလိုက်ရင်း မျက်နှာကို အစွမ်းကုန် ညိုပုပ်ထားလိုက်သည်။

“အဲဒါကြောင့် ပြောတာ။ ဒီအိမ်မှာ ဘာတစ်ခုမှ မလွတ်လပ်ဘူးလို့ ဒါကြောင့်ပြောတာ”

ဘွားဘွားသည် ဘာမျှပြန်မပြောတော့။ ခင်ခင်ကြီး၏စကားကို ဂရုစိုက်မနေတော့။ အခန်းထဲမှထွက်သွားသည်။ ခင်ခင်ကြီး၏ရင်ထဲမှာ မဆတ်တငံ့ဖြစ်နေခဲ့ရသည်မှာ အမှန်ပါပင်။ မကျေမနပ်ရှိနေရသည်လည်း အမှန်ပင်။

ခင်ခင်ကြီးသည် ယခင်က စာဖတ်သော အလေ့အကျင့် မရှိခဲ့။ ကျောင်းစာမှလွဲ၍ အခြားစာများကို ဖတ်ရကောင်းမှန်း မသိခဲ့။

ကိုကိုပြန်လာသောအခါ စာအုပ်အချို့ ပါလာသည်။ ထိုအထဲမှ ပါးပါးနှင့် လွယ်လွယ် ဖတ်၍ရနိုင်မည့်စာအုပ်အချို့ ကို ဖတ်မိသည်။ သည်တွင် ဝတ္ထုဆိုသည့် စာအုပ်မျိုးနှင့် ရင်းနှီးလာရလေသည်။ စွဲလမ်း၍လည်းလာသည်။ အချို့စာအုပ်များကို ဖတ်ရသည်မှာ ရင်ခုန်ဖွယ်ကောင်းပါဘိ။ ပွေ့ဖက်နမ်းရှုပ်သည်များ၊ သမီးရည်းစားထား၍ လွမ်းရ ဆွေးရ ကြေကွဲရသည်များ ပါဝင်သည်။ ရင်ကိုတုန်လှုပ်စေတတ်သည်။ စိတ်အတွေးကို ပျံ့လွင့်စေသည်။ အချို့ကျတော့လည်း မိန်းကလေးတစ်ယောက်အနေနှင့် ဆောင်ဖွယ်၊ ကျင့်ဖွယ်နီတိများ ပါဝင်သည်။ မျက်နှာဖုံးကပင် မိန်းမရုပ်လှလှပပကလေးများ ဖြစ်ကြပေသည်။ နှစ်ခြိုက်ဖွယ် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ကျောင်းစာထက်တော့ ယင်းစာအုပ်များကို ဖတ်ရသည်မှာ ပျော်သည်။

ယခုတော့လည်း စာအုပ်ဖတ်ရသည်မှာပင် မလွတ်လပ်အောင် ရှိရပြန်သည်။ ဘွားဘွား၏ အနှောင့်အယှက်ပြုမှုကို ခံရပြန်သည်။

ကိုကိုဖတ်သည်မှာ ဝတ္ထုစာအုပ်များချည်း မဟုတ်ကြောင်း တွေ့ရသည်။ အချို့စာအုပ်များမှာ မျက်နှာဖုံးတွင် မိန်းမရုပ်လှလှလည်းမပါ။ စာသားများမှာလည်း ကျောင်းစာအုပ်နှယ်ပင် ပျင်းရိစရာကောင်းသည်။ ယင်းစာအုပ်မျိုး ဆိုလျှင်တော့ ခင်ခင်ကြီး ယောင်၍သော်မျှ ကိုင်မကြည့်တတ်။

ခင်ခင်ကြီးသည် ကိုကို့အခန်းဘက်သို့ ကူးလာခဲ့မည်။ စာအုပ်အသိမ်းခံရသည့် အကြောင်းကို တိုင်ကြားမည်စိတ်ကူးသည်။

ကိုကိုနှင့် လမ်းခုလတ်တွင်ပင် ဆုံရသည်။ ကိုကို့အား ကြည့်မြင်ရသည်မှာ အပြင်သို့သွားမည့်ပုံမျိုး၊ ခင်ခင်ကြီးသည် စာအုပ်အကြောင်းပြောဖို့ ရုတ်ခြည်းမှာပင် မေ့သွားသည်။

“ကိုကို ဘယ်သွားမှာလဲ”

ခင်ခင်ကြီးက မေးသည်။

“လိုက်မလား”

ခင်ခင်ကြီးသည် ခေါင်းကို အလျင်စလို ညိတ်ပြလိုက်မိသည်။

“ခေါင်းရမ်းညိတ်နေ၊ ကိုကိုဘယ်သွားမယ်ဆိုတာ သိလို့လား”

“ဟင့်အင်း မသိပါဘူး။ ဒါပေမဲ့ ကိုကို ဘယ်သွားသွား၊ ငရဲပြည်ပဲ သွားသွား ခင်ကြီးလိုက်မှာပဲ။ အိမ်မှာ အချုပ်ခံထားရသလို နေရမှာနဲ့စာရင်တော့ အပြင်မှာနေရတာက ပိုပြီးပျော်စရာကောင်းမယ်လို့ထင်တယ် ကိုကို”

ခင်ခင်ကြီး၏စကားကို ကိုကို ရယ်ပစ်လိုက်သည်။

“လိုက်ချင်တယ်ဆိုရင် လိုက်ခဲ့ပေါ့။ ဒါပေမဲ့ ကတိတစ်ခုတော့ ပေးရမယ် ညီမ”

“ဘာကတိလဲ ကိုကို”

“ကိုကိုဘယ်သွားပြီး ဘာလုပ်တယ်ဆိုတာ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးဆိုတဲ့ ကတိလေ”

“အမလေး ဒါများကိုကိုရယ်။ ကတိတွေဘာတွေ တောင်းနေစရာတောင် မလိုပါဘူး။ ပြန်မပြောနဲ့ဆိုရင် မပြောပါဘူး။ အပြင်လိုက်ရတဲ့အတွက်ပဲ ကျေးဇူးတင်လှပါပြီ”

“ကိုင်း၊ ဒါဖြင့်လည်း လိုက်ခဲ့”

မောင်နှမနှစ်ယောက် အိမ်မှ ထွက်ခဲ့ကြသည်။

ခင်ခင်ကြီးအနေနှင့် မြို့ကိုမကျွမ်း။ မည်သည့်ရပ်ကွက် မည်သည့်နေရာဟူ၍ မသိ။ အိမ်နှင့်ကျောင်း အကူးအသန်းလုပ်ရာ လမ်းလောက်ကိုသာ သိသည်။ အခြားတစ်နေရာရာသို့ သွားမည်ဆိုပါက ကားနှင့်သာ သွားရတတ်သည်။

ကိုကိုသည် ခင်ခင်ကြီးအား စနေနံဘုရားသို့ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။

သည်တော့လည်း ခင်ခင်ကြီးကပြောမိသည်။

“ဘုရားဖူးလာတာများ လျှို့လျှို့ဝှက်ဝှက် လုပ်နေရသေးလား ကိုကိုရယ်၊ ကိုကို ဘုရားလာဖူးတယ်ဆိုတာသိရင် လူတွေက သာဓုတောင်ခေါ်ကြဦးမှာပါ”

သည်တွင် ကိုကိုပြုံးသည်။ ဘာမျှပြန်မပြော။ မတ်စောက်သောလှေကားအတိုင်း တက်ရောက်လာသည်။

ဘုရားရင်ပြင်ပေါ်သို့ ရောက်လာကြသည်။ ထိုအခါ ကိုကိုတစ်ယောက် အဘယ်ကြောင့် မိမိအား နှုတ်ပိတ်ခဲ့သည်ဆိုခြင်းကို ခင်ခင်ကြီး ရိပ်စားလာမိပါသည်။


ဥပုသ်နေ့ မဟုတ်၍လည်းကောင်း၊ အချိန်မှာ ညနေစောင်းဖြစ်နေ၍လည်းကောင်း ရင်ပြင်ပေါ်မှာ လူရှင်းသည်။ မိမိတို့ချည်းလိုလိုရှိသည်။ ဘုရားရင်ပြင်ကို တစ်ပတ်ပတ်ကြသည်။ ကိုကို၏အမူအရာမှာ တစ်စုံတစ်ယောက်အား တွေ့ရလိမ့်မည်ဟု မျှော်လင့်နေပုံမျိုး။ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရလေသောအခါ ကိုကို့မျက်နှာတွင် မချင့်မရဲအမူအရာမျိုးများ ပေါ်ပေါက်လာသည်။

မြစ်ကမ်းပါးနှင့် နီးကပ်သောအနောက်တောင်ထောင့်မှာ ထိုင်နားနေမိကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဇိနမဟာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း









[illegible]

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)
## သီရိပျံချီ ဦးမင်းသိန်း

**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်နေ ဒေါ်ခင်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) သီရိပျံချီ ဦးမင်းသိန်းသည် ၁၉-၉-၂၀၂၂ ရက် (တနင်္လာနေ့)နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့်**
**ဇနီး ဒေါ်မြမြစန်း**

---

### ချင်ပိန်းလန်(ခ)ဦးအောင်ခင်(ခ)ဦးပိန်းလင်း

**(ရန်ကုန်မြို့)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၈၆၈/၈၆၉)၊ (၀၀၁)နေ (ဒေါ်ထွေးကျင်)၏ ခင်ပွန်း၊ ဦးခင်မောင်ညွန့်-ဒေါ်အေးအေးချို၊ ဦးကျော်ကျော်စိုး-ဒေါ်မိမိချို၊ ဦးစိန်သန်း-ဒေါ်သင်းသင်းချို၊ ဦးလှဌေး-ဒေါ်အိအိချို၊ ဒေါ်နှင်းနှင်းချို၊ ဦးဝင်းစိန်-ဒေါ်မွန်မွန်ချို၊ ဦးသန့်ဇင်- ဒေါ်ခင်ချောစုတို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၅၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၂၂(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်သောင်းတင်(ဟသ်ာတ)

**အသက်(၈၀)**

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ (ဦးသိန်းဝင်း-ဒေါ်သိန်းရင်)တို့၏သမီး၊ (ဦးကြင်စိုင်-ဒေါ်လုံး)တို့၏ သမီးချွေးမ၊ ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ်(၂၂၈)နေ ဦးစန်းညွန့်(အငြိမ်းစား)၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်နိုင်မိုး)-ဒေါ်အေးအေးမြမော်၊ (ဦးသန်းစိုးဦး)၊ ဦးသော်ဇင်ထွန်း- ဒေါ်ဖြူနှင်းထွေးတို့၏ မွေးသမိခင်၊ မောင်မင်းသူ-မနှင်းမြတ်မွန်၊ မောင်ဝေယံသော်တို့၏အဘွား၊ မမေသူနှင်း၏ဘွားဘွားကြီး ဒေါ်သောင်းတင်သည် ၁၉-၉-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၂၂ (စနေနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး အားပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးအောင်ဌေးမင်း

**ကာတွန်းဆရာ၊ အကောက်ခွန်ဦးစီးမှူး(ငြိမ်း)၊**
**ဘူမိဗေဒကျောင်းသားဟောင်း(1982-Batch)**

**အသက်(၆၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ (ဦးသိန်း-ဒေါ်တင်မြ)တို့၏သား ရန်ကုန်မြို့နေ (ဦးထွန်းမင်း)-ဒေါ်တင်အုံတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စိမ်းလဲ့ရိပ်သာအိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ် (F-5)နေ ဒေါ်စိမ်းလဲ့ထွန်း၏ ခင်ပွန်း၊ မောင်တိုးတင်လင်း-မဆုလာဘ်နေဝင်း၊ မဟေသီမင်းတို့၏ ဖခင်၊ ဦးအောင်ဌေးဦး၊ (ဦးအောင်ဌေးလင်း)၊ ဦးအောင်ဌေးဝင်း၊ ဒေါ်ခင်ဌေးဝင်းတို့၏ ညီ/မောင်သည် ၁၉-၉-၂၀၂၂ ရက် နံနက် ၈ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၂၀ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စုန်လန့်
## အသက်(၇၆)နှစ်

International Business Promotion Centre မှ အဖွဲ့ဝင် ဦးအိုက်ယီ၏ ချစ်လှစွာသော ဇနီး ဒေါ်စုန်လန့်သည် ၁၇-၉-၂၀၂၂ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ကြေကွဲဝမ်းနည်းမိပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့**
**International Business**
**Promotion Centre**

---

## ဦးစိုးဝင်း

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

**အသက်(၈၃)နှစ်**

ချောက်မြို့၊ စာရေးဝိုင်းရပ်နေ (ဦးမောင်လေး-ဒေါ်သန်း)တို့၏ သားကြီး၊ (ဦးဘရင်-ဒေါ်မိ)တို့၏ သားသမက်၊ ဦးရင်မောင်-(ဒေါ်ခင်စန်းရီ)၊ ဦးသန်းထွန်း-(ဒေါ်ခင်စန်းမြင့်)၊ ဦးဉာဏ်ထွန်း-ဒေါ်ကြည်ကြည်ခင်၊ ဦးသိန်းထွန်း၊ ဦးအောင်ကျော်ဦး-ဒေါ်မို့မို့တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက်(၂၉၃)၊ အခန်း(၆)နေ ဒေါ်သိန်းသိန်းယဉ် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝင်းထွဋ်အောင်-ဒေါ်နွဲ့ယဉ်ဝင်း၊ ဒေါ်တင်ထွေးဝင်း၊ (ဦးမိုးကျော်)-ဒေါ်ကြေးမုံဝင်းတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မဆောင်းဝတ်ရည်ဝင်း၊ မဆုဆုလင်းလက်၊ မယင်းဝတ်မုံဝင်း၊ မရွှမ်းလဲ့ရည်မိုး၊ မရှင်းသန့်မိုးဦးတို့၏ ချစ်လှစွာသော အဘိုးသည် ၁၀-၉-၂၀၂၂ (သောကြာနေ့) ညနေ ၆:၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁၂:၄၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်အေးအေးမြင့်(မလက်တိုရွာ)

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီကွန်ဒို၊ တိုက်(၁)၊ အခန်း(၂-စီ)နေ [ဗိုလ်မှူးညွန့်ဟန်(ငြိမ်း)]၏ ဇနီး၊ ဦးဇော်ဦးဟန် (ညွှန်/မှူး-ငြိမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ဒေါ်မေထိုက်အောင်၊ (ဒုဗိုလ်မိုးခိုင်ဟန်)၊ ဦးမိုးလွင်ဟန်၊ ဦးသူရဟန်-ဒေါ်နှင်းနှင်းဖြိုး၊ ဦးစိုးရ-ဒေါ်စန်းသီတာဟန်၊ ဦးသန့်ထက်ဇင်-ဒေါ်သင်းမြသဇင်ဟန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်အေးအေးမြင့်သည် ၁၉-၉-၂၀၂၂ (တနင်္လာနေ့) ည ၇:၄၅ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀-၉-၂၀၂၂ (တနင်္လာနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်တာ

**လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ဇလဗေဒဌာနခွဲ၊ဆည်မြောင်းဦးစီးဌာန**

**အသက်(၇၁)နှစ်**

ရွှေဘိုမြို့၊ ဈေးတန်းရပ်နေ (ဦးချစ်စိန်-ဒေါ်အုံးရင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွာလယ်လမ်း၊ (ဇ/မ)ရပ်ကွက်၊ အမှတ်(ဃ/၁၆၉)နေ [(ဦးစိုးလွင်-MOGE)]၏ ဇနီး၊ ဦးစိုးလင်းထိုက်(MOGE)-ဒေါ်ကေသီလွင်(NEPS)၊ ဒေါ်မေရီလွင်(JKL)၊ ဒေါက်တာလွင်မာသက်တို့၏ မိခင်၊ မမေသော်တာ၊ မမေဆုပိုင်တို့၏ အဘွားသည် ၁၉-၉-၂၀၂၂ ရက် နံနက် ၆:၄၆ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---




---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးဝင်း

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

**အသက်(၈၃)နှစ်**

W & Associates Limited အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နွဲ့ယဉ်ဝင်း၏ ချစ်လှစွာသောကျေးဇူးရှင် ဖခင်ကြီး ဦးစိုးဝင်းသည် ၁၀-၉-၂၀၂၂ ရက် ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**W & Associates Limited မိသားစု**

---

## (၂) လပြည့် လွမ်းဆွတ်သတိရခြင်း

**မခိုင်စပယ်မျိုး (၄၃)နှစ်**

**EXECUTIVE Secretary**
**(Mega Branch Office)**

မခိုင်စပယ်မျိုး ကွယ်လွန်ခဲ့တာ ၂၁-၉-၂၀၂၂ မှာ ၂ လပြည့်ခဲ့ပါပြီ၊ နေ့စဉ်ပြုလုပ်လာခဲ့သော ကုသိုလ်ကောင်းမှုများ၊ (၁)လပြည့်က နေအိမ်တွင် သံဃာတော်များအား သင်္ကန်းပရိက္ခရာအစုံအလင် ဆွေမျိုးများနှင့် မိတ်ဆွေများမှ လှူဒါန်းဆွမ်းကပ်ခြင်း၊ ပရိတ်တရားနာယူခြင်း၊ သန်လျင်သဘာဝတရားရိပ်သာမှာ ငွေလှူဒါန်းခြင်း၊ လှည်းကူးမေတ္တာပရဟိတ အနာကြီးရောဂါဂေဟာမှာ နံနက်စာ များကျွေးမွေးခြင်းစသည့် ကုသိုလ်အပေါင်းတို့ကို မြင့်မြတ်သော ဘုံဘဝမှ ရရှိခံစားရပြီး သာဓုခေါ်ယူနိုင်ပါစေ။

**မိဘများနှင့်**
**ကျန်ရစ်သူမိသားစု**

---

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုး အလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော၊ နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မိုင်းရယ်မြို့နယ်၌ မိုးရာသီ သီးနှံစုံ ၅၁၀၃၁ ဧက စိုက်ပျိုးပြီးစီး

မိုင်းရယ် စက်တင်ဘာ ၂၀

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ် မိုးရာသီတွင် ဆည်ရေသောက်၊ မိုးကောင်းသောက်၊ ဒေသအလိုက် သဘာဝချောင်းများတွင် ဒေသကျောက်ဖြည့် မျှောရိုက်ဆည် စနစ်များဖြင့် မိုးရာသီ သီးနှံစုံ ၅၁၀၃၁ ဧကကို စိုက်ပျိုးပြီးစီးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။**

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✻



## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို virtual ပုံစံဖြင့် ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၂၀

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာ ၂၁ ရက်တွင် ပြုလုပ်မည့် ၂၀၂၀ အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို virtual ပုံစံဖြင့်သာ ပြုလုပ်သွားမည်ဖြစ်သည်။ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခမ်းအနားဖြင့် ပြုလုပ်နိုင်ခြင်းမရှိဘဲ အွန်လိုင်းမှသာ ပြုလုပ်ရခြင်းဖြစ်သည်။

**ပြုလုပ်မည်**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းမှ ပြန်လည်ကျင်းပနိုင်မည်ဖြစ်သလို အုပ်စုမဲခွဲပွဲကို ယခင်သတ်မှတ်ထားသည့် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်နိုင်ခြင်းမရှိဘဲ ယနေ့မှသာ ပြုလုပ်နိုင်ခြင်း ဖြစ်သည်။ ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ပြုလုပ်မည်ဖြစ်ပြီး အရှေ့တောင် အာရှနိုင်ငံများရှိ ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်မည် ဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

## ကြေးမုံ ယနေ့ ဖတ်စရာ

### အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၁၄ သန်းကျော်ရှိလာ

စာမျက်နှာ » ၁၂



### အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၂၅၆ ဦးရှိ

စာမျက်နှာ » ၁၃

### ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၃၀၉ အား စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၈၅ ဦး တွေ့ရှိ

စာမျက်နှာ » ၂၂

## စပါးအသင်းကို ပရီမီယာလိဂ်အဝေးကွင်း နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရရှိသည့် မှတ်တမ်းကောင်းတစ်ရပ် ချယ်လ်ဆီးအသင်း ရယူနိုင်ခဲ့

**ပရီမီယာလိဂ်ပွဲစဉ်(၅)ရဲ့ အကောင်းဆုံးနဲ့ နောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၁၉ ရက်(တနင်္ဂနွေနေ့) ညပိုင်းက စပါးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက စပါးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။**

ချယ်လ်ဆီးအသင်းဟာ အခုပွဲစဉ်မှာ စပါးအသင်းရဲ့ အိမ်ကွင်းမှာ အနိုင်ရရှိခဲ့တာကြောင့် စပါးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်းနောက်ဆုံး သုံးပွဲဆက်တိုက်အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့ပြီဖြစ်ပါတယ်။

**ဦးဆောင်ဂိုးစတင်ရရှိ**

စပါးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ အကြိတ်အနယ်ရှိခဲ့ပေမယ့် ညှော့သည်အဖြစ် လာရောက်ကစားခဲ့ရတဲ့ ချယ်လ်ဆီးအသင်းက ဒုတိယပိုင်း ပွဲကစားချိန် ၄၉ မိနစ်မှာ သွင်းယူခဲ့တဲ့ သီယာဂိုးဆေးလ်ဗားရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❐



ချယ်လ်ဆီးအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။